မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၅၅)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစူရာယုဒ်၊ ချူလာနွန် ခေါင်းဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစူရာယုဒ်၊ ချူလာနွန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးနှင့်အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးသောင်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ချူလာနွန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal လည်း တက်ရောက်သည်။ **(သတင်းစဉ်)**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစူရာယုဒ်၊ ချူလာနွန်နှင့်အဖွဲ့အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)



**ရင်းရင်းနှီးနှီး နှုတ်ဆက်**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန်အား နေပြည်တော်ရှိ ကာကွယ်ရေး ဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်)

# စိန်ရတုတိုင်ခဲ့ပြီဖြစ်သည့် ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်

ပြင်ဦးလွင်မြို့၌ ဒီဇင်ဘာလ ဒုတိယအပတ်အတွင်း အမျိုးသားကန်တော်ကြီးဥယျာဉ် (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အခမ်းအနား၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ဖွင့်ပွဲအခမ်းအနားနှင့် ပန်းပွဲတော်တို့ကို ပျော်ပွဲရွှင်ပွဲများစွာဖြင့် ငါးရက်တိုင်တိုင်ကျင်းပသွားရန် သစ်တောရေးရာဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်း ပြင်ဦးလွင် တောင်စခန်းမြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်သည် သဘာဝရှုခင်းများ၊ လှပဝေဆာသော သစ်ပင်ပန်းမန်အမျိုးမျိုးနှင့် ငှက်အမျိုးအစား များစွာရှိသောကြောင့် ထင်ရှားသည်။ ငှက်ဥယျာဉ်အတွင်းတွင် ဒေါင်းဖြူ၊ ဒေါင်းပြာ၊ မြန်မာဒေါင်းစိမ်း စသည့် ဒေါင်းအမျိုးမျိုး၊ ငွေရောင်၊ ရွှေရောင်၊ ရွှေဝါရောင်၊ ရစ်အမျိုးမျိုးနှင့် ဒေါင်းကုလားနှင့် အခြားအမြင့်ပျံငှက်များ၊ ရေပျော်ငှက်များဖြစ်သည့် မန်ဒရင်းဘဲ၊ ကယ်ရိုရိုင်းနားဘဲနှင့် နားနေသဘာဝငှက်များဖြစ်သည့် ငှု၊ ငှက်ငန်း၊ ငှက်တော်ပြာ၊ ကုပ်ကလောင်နှင့် ဖိုးခေါင်ငှက်များအား သဘာဝအတိုင်း စိမ့်စမ်းရေတံခွန်များဖြင့် မွေးမြူထားရာ ပြည်သူများ အပန်းဖြေကြည့်ရှု လေ့လာနိုင်သည်။

အမျိုးသားကန်တော်ကြီးဥယျာဉ်အနီး မြေဧက၅၀ကျော်တွင် ပြည်နယ်နှင့်တိုင်းအလိုက် ထင်ရှားစွာ တည်ရှိနေသည့် National Landmarksများကို စုစည်း၍ ကြည့်ရှုဖွယ်ရာ ဥယျာဉ်အဖြစ် ပုံဖော်တည်ဆောက်ထားသည်။

ရွှေတိဂုံစေတီတော်၊ သျှစ်သောင်းဘုရား၊ မော်တင်စွန်းဘုရား၊ ဖောင်တော်ဦးဘုရား၊ ကောင်းမှုတော်စေတီ၊ တောင်ကွဲစေတီ၊ ကျိုက်ထီးရိုးစေတီ၊ နန်းမြင့်မျှော်စင်၊ မြနန်းစံကျော်ရွှေနန်းတော်၊ ကမ္ဘောဇသာဒီ ရွှေနန်းတော်၊ ရိဒ်ရေကန်၊ ချောင်းသာကမ်းခြေ၊ အင်းလေးကန်၊ ပင်းတယဂူ၊ ခါကာဘိုရာဇီတောင်၊ ဖွဲကပင်တောင် စသည်တို့ကို တစ်နေရာတည်းတွင် ပုံဖော်တည်ဆောက်လျက်ရှိရာ အပန်းဖြေလေ့လာသူများ လွယ်လင့်တကူ ကြည့်ရှုလေ့လာနိုင်ကြမည်ဖြစ်သည်။

ထို့အပြင် ပြည်တွင်းသစ်မာအမျိုး၄၈၂မျိုး၊ ပြည်ပသစ် ၆၇ မျိုး၊ သစ်ခွမျိုး ၂၆၀၊ ဝါး ၇၅မျိုး၊ ရွက်လှ ၇၅မျိုး၊ ရာသီပန်းမျိုး၂၁၀ စိုက်ပျိုးထားရှိကာ ရာသီအလိုက် အလှပန်းများ လှပစွာပွင့်လန်းလျက်ရှိပြီး စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ထားသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာလုပ်ငန်းဌာနများ ပူးပေါင်း၍ ဒေသအလိုက် ဖြစ်တည်လျက်ရှိသော ယဉ်ကျေးမှုအဆောက်အအုံ၊ သစ်ပင်ပန်းမန်၊ ရှားပါးသားငှက်တိရစ္ဆာန်များနှင့် ရေ မြေ သဘာဝပုံတူများကို ပြင်ဦးလွင်မြို့ အမျိုးသား ကန်တော်ကြီးဥယျာဉ်၌ စုစည်းတည်ဆောက် ထိန်းသိမ်းမြှင့်တင်ခြင်းဖြင့် ပြည်တွင်းပြည်ပမှ လာရောက်လေ့လာ အပန်းဖြေနိုင်မည့်အပြင် မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုမည်ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဆင်ဝှေ့ရန်ရှောင်ပြောနည်း

(စကားကြီး ၁၀ မျိုးမှ)

ဆင်ဝှေ့ရန်လိုက်လာသည့်အခါ လွတ်ရာလွတ်ကြောင်း လှည့်ပတ်တိမ်းရှောင် ပြေးတတ်သဖြင့် အသက်ဘေးမှ ချမ်းသာရာရရှိသကဲ့သို့ စကားပြောရာတွင်လည်း မိမိအသက်ဘေးအန္တရာယ်ကျရောက်မည့် အကျဉ်းအကျပ်စကားမျိုးကို အန္တရာယ်မှကင်းလွတ်အောင် စကားပရိယာယ်ဖြင့် ရှောင်လွှဲပြောဆိုတတ်ခြင်းကို **"ဆင်ဝှေ့ရန်ရှောင်ပြောနည်း"**ဟု ပြောစမှတ်ပြု သတ်မှတ်ကြပါသည်။

ဆင်ဝှေ့ရန်ရှောင်ပြောနည်းကို ဥပမာထင်ရှားအောင် ပမာပုံဆောင်ပြရပါမူ အခါတစ်ပါး ဘုန်းခေါင်ညီရင်း အိမ်ရှေ့မင်းသည် ကြည်ညိုခြင်းသဒ္ဓါလွန်ကဲသောကြောင့် ကျောင်းဆောက်လှူဒါန်းရာ၌ ကျောင်း၏ အောက်ခြေ ရက်မအောက်ထိအောက်ပိုင်းများကိုပါ ရွှေချထားသည်ကို မြို့ဝန်မင်းတွေ့ရှိသောအခါတွင် မသင့်မလျော်ကန်သည့်အတွက် အောက်ပိုင်းမှရွှေများကို ဖျက်စေခဲ့သည်။

ထိုအခြင်းအရာကို အိမ်ရှေ့မင်းသားတွေ့မြင်သည့်အခါ ဒေါသအမျက်ပြင်းစွာထွက်သဖြင့် မြို့ဝန်အား ချက်ချင်းသတ်မည်ဟုခေါ်ခဲ့စေရာတွင် မြို့ဝန်မင်းမှ အိမ်ရှေ့မင်းသားအားလျှောက်ထားရာ၌ အရှင်မင်းသားသည်းခံတော်မူပါဘုရား၊ အရှင်မင်းသားသည် ဘုန်းသမ္ဘာပြည့်စုံသောကြောင့် မလွဲဧကန် ဘုရင်ဧကရာဇ်ဖြစ်မည့်သူပါဘုရား၊ ထိုကဲ့သို့ဘုရင်ဖြစ်သည့်အခါမှသာလျှင် ကျောင်းတစ်ကျောင်းလုံးကို အောက်ခြေမှမကျန်ရွှေချနိုင်ရန်အတွက် ယခုခေတ္တချန်လှပ်ထားတော်မူပါဘုရားဟု လျှောက်ထားရာတွင် အိမ်ရှေ့မင်းသားသည် အမျက်တော်ပြေ သဘောတော်ကျသဖြင့် ဆုလာဘ်များပင် ပေးသနားစေခဲ့ပါသည်။

ဤကဲ့သို့ တစ်ဖက်သားအား အမျက်ပြေစေရန်နှင့် မိမိလည်းအန္တရာယ်မှ ကင်းဝေးစေရန်အတွက် စကားအရာ လိမ္မာပါးနပ်စွာဖြင့် လှည့်ပတ်ပြောဆိုတတ်ခြင်းကို **"ဆင်ဝှေ့ရန်ရှောင်စကားပြောနည်း"**ဟု နောင်လာနောက်သားတို့ အတုယူခေါ်စမှတ်ပြုကြပါစေ။ ။

**(သာသနာရေး)**

## မြဝတီရုပ်မြင်သံကြား

၂၄-၁၁-၂၀၀၆ (သောကြာနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၃။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျေးတောသူ"** (အပိုင်း-၃)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ သတ္တမအကြိမ် တိုင်းရင်းဆေးသမားတော်များ ညီလာခံ ဂုဏ်ပြုဇာတ်လမ်း **"စကားပြောသော နွယ်မြက်သစ်ပင်"** ရီဝေယံ၊ ပံဆုပြည့်ကျော် ဒါရိုက်တာ-တုနိုင်းခ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း-၁)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၁၁-၂၀၀၆ (သောကြာနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ Myanmar Video Rhythm
- ၇:၅၅ တေးဂီတအစီအစဉ်
- ၈:၀၀ စိတ်ထားဖြူစင်ပါရမီရှင်
- ၈:၂၀ တေးဂီတအစီအစဉ်
- ၈:၂၅ မကြာမီဆင်နွှဲ (Miss) မင်္ဂလာရွေးချယ်ပွဲ
- ၈:၅၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၀၅ World's Wonders
- ၉:၂၀ တေးဂီတအစီအစဉ်
- ၉:၂၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ (ပွဲတင်သည့်ကံ)
- ၉:၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၅၅ တေးဂီတအစီအစဉ်
- ၁၀:၀၀ သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပန်းတိုင်အထွက်နှုန်း"
- ၁၀:၀၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၁၀ ချိုဆိမ့်မွှေးမွှေးသကြားလုံးလေး
- ၁၀:၂၀ တေးဂီတအစီအစဉ်
- ၁၀:၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၃၅ သူတို့ပြောတဲ့ သူတို့အကြောင်း (ကာတွန်းရွှေမင်းသား)
- ၁၁:၁၅ တေးဂီတအစီအစဉ်
- ၁၁:၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၂၅ တန်(၃၀၀)ဆံ့အအေးခန်းနှင့်ရေခဲစက်စက်ရုံ
- ၁၁:၃၀ တေးဂီတအစီအစဉ်
- ၁၁:၃၅ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲ
- ၁၁:၅၅ တေးဂီတအစီအစဉ်
- ၁၂:၀၀ MRTV-4 အပိတ် Logo

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**ဦးထွန်းအောင်ကျော် (ဝိဇ္ဇာတွဲ) (တွံတေး၊ရှမ်းစု)ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင်ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဦးဘညာဏ် လက်ခံယူစဉ်။**

(က-ပ)



## ပြည်ပသွင်းကုန်အစားထိုး ကုန်ပစ္စည်းများ ထုတ်လုပ်မှုအရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၂၃

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် နိုဝင်ဘာ ၂၀ရက် နံနက်ပိုင်းက ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် အင်းစိန်မြို့နယ်ရှိ ရွာမဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ စက်ရုံရှင်းလင်းခန်းမ၌ ဝန်ကြီးနှင့်အဖွဲ့အား ရွာမစက်ရုံမှူး ဦးအေးဝင်းက စက်ရုံ၏သမိုင်းကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ လောင်စာဆီသုံးစွဲမှု၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားပေးစက်များ ပြုပြင်ထိန်းသိမ်းမှုနှင့် ဝန်ထမ်းအင်အားအခြေအနေများကို ရှင်းလင်းတင်ပြသည်။**

### ကြည့်ရှုစစ်ဆေး

ယင်းနောက်ဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး ဓာတ်ငွေ့ G.T (1) နှင့်(2)Control Roomသို့သွားရောက်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရွာမ ဓာတ်အားပေးစက်ရုံ G.T. (1) နှင့် (2) စက်များ မောင်းနှင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အမှတ်(၃) GT Control Room တွင် လက်ထောက်အမှုဆောင် အင်ဂျင်နီယာ ဒေါ်စန္ဒာအောင်က ကွန်ပျူတာများနှင့် Control ဆောင်ရွက်မှု အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်များ၏ ကြံ့ခိုင်ရေးကို ပုံမှန်ဆောင်ရွက်စေပြီး လျှပ်စစ်ဓာတ်အား အပြည့်အဝ ထုတ်လုပ်ပေးနိုင်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)၊ စက်မှုဇုန်(၁) မိုးကုတ်လမ်းရှိခင်မောင်ညွှန့်ထရေးဒင်းကုမ္ပဏီလီမိတက်သို့ရောက်ရှိရာကုမ္ပဏီရုံးခန်းမ၌ စက်ရုံမှူး ဦးအောင်ကျော်စိုးက ကုမ္ပဏီ၏သမိုင်းအကျဉ်း၊ စက်ရုံတည်ဆောက်၍ ပြည်ပသွင်းကုန်အစားထိုးကုန်ပစ္စည်းများ ထုတ်လုပ်ရသည့် ရည်ရွယ်ချက်များ၊ ထုတ်လုပ်ပုံအဆင့်ဆင့်၊ စံချိန်စံညွှန်း အရည်အသွေးမီ လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

### မှာကြား

ယင်းနောက်ဝန်ကြီးက လိုအပ်သည်များကို မေးမြန်းပြီး မှာကြားရာတွင် ပြည်ပသွင်းကုန် အစားထိုးကုန် ပစ္စည်းများ ပီပြင်စွာထုတ်လုပ်နိုင်ရေး၊ နိုင်ငံခြားဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံ ထုတ်လုပ်နေသည့် ပုဂ္ဂလိက လုပ်ငန်းရှင်များအား နိုင်ငံတော် အပိုင်းက လိုအပ်သလို ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ကုန်ပစ္စည်းထုတ်လုပ်မှုကို အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း ကုန်ပစ္စည်းထုတ်လုပ်မှုအဆင့်ဆင့်တို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးရာတာဝန်ရှိသူများက အသေးစိတ် ရှင်းလင်းပြသကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## မိုးစပါးစိုက်ခင်း ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မြတောင်ကျေးရွာရှိ တောင်သူ ဒေါ်ခင်ထွေး၏ မိုးစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ကြံပင်များ လျာထားကေပြည့်မီစွာစိုက်ပျိုးနိုင်ရေး ကြိုးပမ်း စားသုံးသီးနှံနှင့် နှစ်ရှည်ပင်များ တိုးချဲ့စိုက်ပျိုးလုပ်ကိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၃

**ကချင်ပြည်နယ် တနိုင်းမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်း၊ တနိုင်းတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ မိုးကောင်းတပ်နယ်မှ ဗိုလ်မှူးချုပ် မြင့်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၂၀ရက် နံနက် ၆နာရီခွဲတွင် တနိုင်းမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ နံနက် ၇နာရီတွင် တနိုင်း ရှင်ဗွေယန်လမ်းပေါ်ရှိ တဝမ်ချောင်းသို့ ရောက်ရှိကြသည်။**

### ကြည့်ရှုစစ်ဆေး

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တဝမ်ချောင်းရေစီးဆင်းမှု အခြေအနေနှင့် မော်တော်ယာဉ်များ ချောင်းဖြတ်ကူးသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် တနိုင်းမြို့နယ် ဟူးကောင်းဒေသ ပန္နက်ကျေးရွာအနီး မိုင်တိုင်(၁၃၁/၀)ရှိ ဂျိတ်လင်း(န်) မြန်မာကုမ္ပဏီလီမိတက်၏ ကြံကေ နှစ်သိန်း စိုက်ပျိုးရေးစီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ဂျိတ်လင်း(န်) မြန်မာကုမ္ပဏီဥက္ကဋ္ဌ ဦးထွတ်ဇော်ခေါင်က ကြံနှင့်ပီလောပီနံစိုက်ပျိုးမည့် အစီအစဉ်များ၊ စက်ယန္တရားများ ရောက်ရှိမှုနှင့် မြေပြုပြင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က နှစ်အလိုက်စိုက်ပျိုးမည့် သီးနှံစိုက်ပျိုးရန် လျာထားစာရင်းဇယားများ ပြုစုထားရန်နှင့် လာမည့်နှစ် ကြံရာသီတွင် လျာထားကေ ၃၀၀၀၀ ပြည့်မီစွာ စိုက်ပျိုးရေး တာဝန်ရှိသူများအား မှာကြားသည်။

### မြေလွတ်မြေရိုင်းများဖော်ထုတ်

ဂျိတ်လင်း(န်) မြန်မာကုမ္ပဏီသည် မြစ်ကြီးနား–တနိုင်း–ရှင်ဗွေယန် ကားလမ်းဝဲယာတို့တွင် ပန္နက်ကျေးရွာ မိုင်တိုင်(၁၃၁/၀)မှ ခလုံးကျေးရွာ မိုင်တိုင်(၁၅၅/၀)အထိ စုစုပေါင်း ၂၄ မိုင်၌ မြေလွတ်မြေရိုင်းများဖော်ထုတ်၍ ရှိန်လုံဂါး ကျေးရွာတွင် ၆၆၃၉၉ ဧက၊ ရှင်ဗွေယန် တရုံကျေးရွာတွင် ၁၁၂၀၈၆ ဧက၊ ခလုံး ကျေးရွာတွင် ၂၁၅၁၅ ဧက စုစုပေါင်း ဧကနှစ်သိန်းတွင် ကြံ၊ ပီလောပီနံ၊ ခြစည်းရိုးကြက်ဆူပင်နှင့် ဒေသနှင့် ကိုက်ညီသည့် အခြား သီးနှံများကို ငါးနှစ်စီမံကိန်းဖြင့် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် တနိုင်း ခချောင်းရေ စီးဆင်းမှု၊ အမှတ်(၂) ကမ်းကပ်ခုံမှ တစ်ဖက်ဆင်ခြေလျှော ကျောက်စီမြေထိန်းနံရံနှင့် နုန်းဖမ်းတန်းများ ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တံတားကြီး ကြမ်းခင်း သံပေါင်များကြံ့ခိုင်မှုတို့ကို ဖြတ်သန်း ကြည့်ရှုစစ်ဆေးသည်။

### စနစ်တကျဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တံတားကြီးရေရှည်ကြံ့ခိုင်ရေး အတွက် တာဝန်ရှိသူအဆင့်ဆင့်က ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ တနိုင်းတံတားကို ၂၀၀၂ ခုနှစ် ဖေဖော်ဝါရီလတွင် ဖွင့်လှစ်ခဲ့ပြီး အရှည် ၉၄၂ ပေရှိ သံပေါင် RPT သံပေါင်အမျိုးအစား တံတားဖြစ်သည်။ ခံနိုင်ဝန်အားမှာ တန် ၃၀ ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တနိုင်း–မြစ်ကြီးနားလမ်း မိုင်တိုင်အမှတ် (၁၀၉/၀)ရှိ တနိုင်းတပ်နယ် ခြစည်းရိုး ကြက်ဆူစိုက်ခင်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ဧက ၁၀၀ တွင် ခြစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုနှင့် ဧက ၁၀၀၀ ပြည့်အောင် ဆက်လက် စိုက်ပျိုးမည့်အစီအစဉ်များကို ရှင်းလင်း တင်ပြကြသည်။

### လိုအပ်သည်များမှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တနိုင်း တပ်နယ်၏ အောင်မြင်ဖြစ်ထွန်းလျက် ရှိသော ခြစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကောင်ရာ ကျေးရွာအုပ်စု၏ ဧက ၂၅၀ တွင် ဒေသထွက် မျိုးသန့်မိုးစပါးများ ရင့်မှည့်၍ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

### အောင်မြင်ဖြစ်ထွန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တနိုင်း– မြစ်ကြီးနားလမ်း မိုင်တိုင်(၁၀၄/၀) နန်ဖြတ်ရွာအနီးရှိ တနိုင်းတပ်နယ်၏ ဧက ၁၀၀၀ ရော်ဘာစိုက်ခင်းသို့ ရောက် ရှိကြပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိ သော ရော်ဘာပင်များကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို တာဝန် ရှိသူများအား မှာကြားသည်။

### နှစ်ရှည်သီးနှံစိုက်ခင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တိန် တောက်ကျေးရွာ တောင်သူဦးမြဟန်၏ နှစ်ရှည်သီးနှံစိုက်ခင်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တောင်သူ ဦးအောင် ဇော်လွင်က ဧက ၃၀၀ တွင် ခြစည်းရိုး ကြက်ဆူ ၂၅ ဧက စိုက်ပျိုးပြီးစီးမှုအခြေ အနေနှင့် တည်း၊ လိမ္မော်၊ ကွမ်းသီးပင် များစိုက်ပျိုးမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို တာဝန် ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် နယ်မြေခံတပ်နယ်သို့ ရောက်ရှိပြီး တပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ၍ စားသုံးသီးနှံပင်များနှင့် နှစ်ရှည်သီးနှံ ပင်များ စိုက်ပျိုးရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက် ရေး အကျယ်တဝင့်မှာကြားပြီး အရာရှိ၊ စစ်သည် မိသားစုဝင်များအား ရင်းရင်း နှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တနိုင်း– မြစ်ကြီးနားလမ်းပေါ်ရှိ ဒွန်ဘန်တံတား သို့ရောက်ရှိကြရာ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် နှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက် ကြသည်။

### ရော်ဘာစိုက်ခင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဘူးဂါး ကုမ္ပဏီ၏ ရော်ဘာစိုက်ပျိုးရေး စိုက်ခင်း သို့ရောက်ရှိကြရာ စိုက်ကွင်းတာဝန်ခံ ဦးအယ်ထော်ဒေါင်နှင့် မိုးကောင်းမြို့ နယ် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးတင်ထွန်းတို့က ရော်ဘာစိုက်ပျိုးရန် ဧက ၄၂၀ တွင် ၁၁၄ ဧကစိုက်ပျိုးပြီးစီးမှု နှင့် ဆက်လက်စိုက်ပျိုးမည့် အစီအစဉ် များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အောင်မြင် ဖြစ်ထွန်းလျက်ရှိသော ရော်ဘာစိုက်ခင်း များကို လှည့်လည် ကြည့်ရှုစစ်ဆေး ကြသည်။

### အပြည့်အဝစိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် လွယ်လီယံ ကျေးရွာရှိ ဦးမောင်အိုက်၏ ရော်ဘာ စိုက်ခင်းသို့ လည်းကောင်း၊ ဆီးဒီယံ ကျေးရွာရှိ တောင်သူ ဦးမရန်ဇော်ဘောမ် ၏ ရော်ဘာစိုက်ခင်းသို့ လည်းကောင်း၊ လွယ်လီယံကျေးရွာရှိ တောင်သူ ဦးမောင်ရီ၏ ရော်ဘာစိုက်ခင်းသို့လည်း ကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျေးရွာ ရော်ဘာစိုက်ခင်းများတွင် တောင်သူများ ရယူထားသော မြေနေရာများတွင် ဧက အပြည့်အဝစိုက်ပျိုးကြရေး တာဝန်ရှိသူ များအား မှာကြားသည်။

အဆိုပါ လွယ်လီယံကျေးရွာတွင် ရော်ဘာစိုက်ဧက ၁၂၄ ဧကခွဲ ဧက ၃၀ စိုက်ပျိုးပြီးစီး၍ ဆီးဒီယံကျေးရွာ တွင် ရော်ဘာစိုက်ဧက ၅၄၇ ဧကတွင် ၁၇၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြတောင် ကျေးရွာရှိ မိုးစပါးစိုက်ခင်း တောင်သူ ဒေါ်ခင်ထွေး၏ ကွင်းအမှတ်(၅၆)သို့ ရောက်ရှိကြရာ မိုးကောင်းမြို့နယ် စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဒေါ်ထွေး သန်းက မြတောင်ကျေးရွာတွင် မိုးစပါး စိုက်ဧက ၉၂၁ ဧကတွင် စပါးမျိုးကောင်း မျိုးသန့်များ ရွေးချယ်စိုက်ပျိုးမှုအခြေ အနေနှင့် အောင်မြင်ဖြစ်ထွန်းမှု အခြေ အနေများကို ရှင်းလင်းတင်ပြသည်။

### မိုးစပါးစိုက်ခင်းကြည့်ရှု

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရင့်မှည့်၍ အောင်မြင်ဖြစ်ထွန်းနေသော တောင်သူ ဒေါ်ခင်ထွေး၏ မိုးစပါး စိုက်ခင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များကို တာဝန်ရှိသူများအား မှာကြား၍ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မိုးကောင်း မြို့သို့ ညနေပိုင်းတွင် ရောက်ရှိသည်။ **(သတင်းစဉ်)**

## အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ စီးပွား/ကူးသန်းက မြို့တော်စည်ပင်ကိုအနိုင်ရရှိ

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆–၂၀၀၇ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း (မြန်မာလိဂ်) အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်း အားကစားပြိုင်ကွင်း၌ ဆက်လက် ကျင်းပရာ စီးပွား/ကူးသန်းအသင်းက မြို့တော်စည်ပင်အသင်းကို သုံးဂိုး–နှစ်ဂိုး ဖြင့် အနိုင်ရရှိသွားသည်။

မြို့တော်စည်ပင် အသင်းက ဦးဆောင်ဂိုး နှစ်ဂိုးသွင်းယူနိုင်သော်လည်း စီးပွား/ကူးသန်းအသင်းက သုံးဂိုး ပြန် သွင်းပြီး အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ မြို့တော်စည်ပင်အသင်းအတွက် ဇော်နိုင် ထွန်းနှင့် အောင်မြင့်အေးတို့က တစ်ဂိုးစီ သွင်းယူပေးသည်။ စီးပွား/ကူးသန်း အသင်းအတွက် စထက်နိုင်ဝင်း၊ အောင်မျိုးသန့်နှင့် မျိုးမင်းထွန်းတို့က တစ်ဂိုးစီ သွင်းယူပေးသည်။

### ယနေ့ပွဲ

နိုဝင်ဘာ ၂၄ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစား ပြိုင်ကွင်း၌ ကမ္ဘောဇအသင်းနှင့် ဆက် သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းအသင်း တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

## အင်းစိန်ဗဟိုအကျဉ်းထောင်၌ အကျဉ်းသူ၊အချုပ်သူများအား သွေးဖောက်စစ်ဆေးပြီး နှစ်သိမ့်ပညာပေးဟောပြော

**ရန်ကုန် နိုဝင်ဘာ ၂၃**

အင်းစိန် ဗဟိုအကျဉ်းထောင်သို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေး စီမံကိန်းအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒေါက်တာသန့်ဇင်ဦးနှင့် အဖွဲ့ဝင် ငါးဦးတို့သည် နိုဝင်ဘာ ၂၁ ရက်တွင် အင်းစိန် ဗဟိုအကျဉ်းထောင်သို့သွားရောက်၍ အကျဉ်းသူ ၄၉ ဦး၊ အချုပ်သူ ၃၀ စုစုပေါင်း ၇၉ ဦးတို့အား သွေးဖောက်စစ်ဆေးကြသည်။

ယင်းနောက် HIV ပိုးတွေ့ရှိသည့် အကျဉ်းသူ ၁၁ ဦးတို့အား နှစ်သိမ့် ဆွေးနွေးခြင်း၊ အချုပ်သူ၊ အကျဉ်းသူ ၉၀ တို့အား ပညာပေး ဆွေးနွေးဟောပြော ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းအား အိန္ဒိယနိုင်ငံ သံအမတ်ကြီးတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၃**

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံး သံအမတ်ကြီး H.E.Mr. Bhaskar Kumar Mitra အား ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ တွေ့ဆုံရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ချုပ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**



တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ခင်းကျင်းပြသလျက်ရှိသည့် နိုင်ငံတကာမော်တော်ယာဉ်များပြပွဲ၌ တရုတ်ကိုယ်ဟန်ပြမယ်တစ်ဦးက တိုယိုတာကားတစ်စီးအား ပြသနေသည်ကို နိုဝင်ဘာ ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# တရုတ်နိုင်ငံ၌ ဇိမ်ခံကားများအရောင်းသွက် ကမ္ဘာ့ထိပ်တန်းကားထုတ်လုပ်သူများ တရုတ်သို့ ကားများပိုမိုတင်ပို့

ပေကျင်း နိုဝင်ဘာ ၂၃

**တရုတ်၌ ဇိမ်ခံကားရောင်းချရမှုမှာ မြင့်တက်လာမှုကြောင့် ကမ္ဘာ့ထိပ်တန်းကားထုတ်လုပ်သူများသည် တရုတ်ကားဈေးကွက်သို့ ဇိမ်ခံကားများ ပိုမိုတင်သွင်းလျက်ရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။**

ပြသနေဆဲ ပေကျင်းကားပြပွဲတွင် ထိပ်တန်းကားအမှတ်တံဆိပ်များဖြစ်သည့် ဘန်တလေ၊ မာစီးဒီးဘင့်၊ ရိုးစ်ရွိုက်၊ စပိုင်ကာ အစရှိသော မော်ဒယ်အသစ်များပါဝင်ပြထားသည်။

**ရောင်းချရ**

ယင်းကားပြပွဲ ဒုတိယနေ့တွင် ရိုးစ်ရွိုက် ကားရောင်းချရသူများမှာ ယွမ်ငွေ ၆ဒသမ၆သန်း (အမေရိကန်ဒေါ်လာ ၈၂၅၀၀၀) နှင့် ဘန်တလေကားရောင်းချရမှုမှာ ယွမ်ငွေ ၆ဒသမ ၄၈ သန်းဖိုးရှိကြောင်း ပေကျင်း မောနင်းပို့စ်က နိုဝင်ဘာ ၂၁ ရက်၌ဖော်ပြသည်။

ပြီးခဲ့သည့်နှစ်က တရုတ်နိုင်ငံ၌ ဘန်တလေကားရောင်းချရမှုမှာ ၆၄ စီးရှိကြောင်း၊ လန်းရှိဗာ၊ ဂျာဂွါနှင့် ဘီအမ်ဒဗလျူ အမှတ်တံအဆိပ်များလည်း ရောင်းအားတက်ခဲ့ကြောင်း၊ ယမန်နှစ်က လန်းရှိဗာကား ၁၄၁၅ စီး တရုတ်နိုင်ငံ၌ ရောင်းချခဲ့ရကြောင်း အဆိုပါသတင်းတွင် ဖော်ပြသည်။

**တင်သွင်း**

ထိုကာလအတွင်း ဘီအမ်ဒဗလျူကား ရောင်းချရမှုမှာ ၂၃၅၉၅ စီးရှိကြောင်း၊ တရုတ်နိုင်ငံက နှစ်စဉ်ပြည်ပမှ ထိပ်တန်းကားအမှတ်တံဆိပ် ၁၀၀၀၀၀ ကျော်တင်သွင်းနေကြောင်း သိရသည်။

**ကုန်ကျ**

တန်ဖိုးအများဆုံးကားမှာ အမေရိကန်ဒေါ်လာ ၄၀၀၀၀၀သာ ကုန်ကျကြောင်း အကောက်ခွန်စာရင်းဇယားများအရ သိရသည်။

**မျှော်လင့်**

တရုတ်နိုင်ငံ၏ ကားအရောင်းမှာ ၂၀၀၆ ခုနှစ်တွင် ဆီဒင်ကားလေးသန်းနှင့်ဇိမ်ခံကား ၃၂၀၀၀၀အပါအဝင် ကားခုနစ်သန်းအထိ ရောင်းချရန် မျှော်လင့်ထားသည်။

တရုတ်နိုင်ငံသည် ပြည်ပသို့ မော်တော်ယာဉ်ရောင်းချမှု တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာရန်လည်း မျှော်မှန်းထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

# ပီနန်လေဆိပ်၌ ဖောက်ထွင်းမှုကြီးဖြစ်ပွား

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၃**

မလေးရှားလေဆိပ် ကုန်လှောင်ရုံတစ်ခုအတွင်း ဖောက်ထွင်းရေးသမား ၂၀ က ကုန်လှောင်ရုံအတွင်းဖောက်ထွင်းဝင်ရောက်ကာ မလေးရှားရင်းဂစ် ၄၇ သန်း (အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၇သန်း)ဖိုးရှိ ချစ်ပြားများနှင့် ကွန်ပျူတာအစိတ်အပိုင်းများ ယူဆောင်သွားကြောင်း ဒေသဆိုင်ရာမီဒီယာက နိုဝင်ဘာ ၂၁ ရက်တွင် ဖော်ပြသည်။

**ဖော်ပြ**

အဆိုပါဖောက်ထွင်းမှုမှာ နိုဝင်ဘာ ၂၀ ရက်နံနက်ပိုင်းက ပီနန်လေဆိပ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဖောက်ထွင်းရေးသမားများက မိုက်ခရိုချစ်ပြားနှင့် ကွန်ပျူတာအစိတ်အပိုင်းများကို ကုန်တင်ယာဉ်နှစ်စီးဖြင့်သယ်ယူသွားကြောင်း ၎င်းဒေသမီဒီယာက ဖော်ပြသည်။

**ဖောက်ထွင်း**

ယင်းဖောက်ထွင်းမှုသည် မလေးရှားနိုင်ငံ၌ အကြီးမားဆုံးဖောက်ထွင်းမှုကြီးဖြစ်ကြောင်း ဒေသထုတ်သတင်းစာများတွင် ဖော်ပြသည်။

အဆိုပါ ဖောက်ထွင်းရေးသမားများသည် ကွန်တိန်နာတင်ကားကြီးနှစ်စီးဖြင့် ရောက်ရှိလာရာ ယင်းတို့အနက် လေးဦးမှာလုံခြုံရေးယူနီဖောင်းများ ဝတ်ဆင်ထားကြောင်း၊ ယင်းတို့ထဲမှ သံသယရှိသူကိုတွေ့၍လေကြောင်းအာဏာပိုင်အဖွဲ့မှ သက်ဆိုင်ရာသို့ သတင်းပေးပို့ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဖမ်းဆီး**

ဖောက်ထွင်းရေးသမားများသည် အဆိုပါကုန်လှောင်ရုံအတွင်း ဝင်ရောက်ရာတွင် အလုပ်သမား ၁၇ဦးအား အလဲထိုးချကာ နေရာ၌ မေ့ဆေးများတိုက်ကျွေးခဲ့ကြောင်း၊ ယင်းကုန်လှောင်ရုံမှ ပြန်အထွက်တွင် အကောက်ခွန်အရာရှိနှစ်ဦးနှင့် ယာဉ်မောင်းတစ်ဦးအား ဖောက်ထွင်းရေးသမားများက တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ ယင်းဖောက်ထွင်းမှုဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ ရဲအဖွဲ့က သံသယရှိသူနှစ်ဦးကို ဖမ်းဆီးထားသည်ဟု ဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အီရတ်-ဆီးရီးယား သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၃**

သံတမန်ဆက်ဆံရေး အပြည့်အဝပြန်လည်ထူထောင်ရန်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း အီရတ်နှင့် ဆီးရီးယားတို့က အင်္ဂါနေ့တွင် ဖော်ပြသည်။

ဆီးရီးယားနိုင်ငံနှင့် သံတမန်ဆက်ဆံရေးအပြည့်အဝပြန်လည် ထူထောင်ရန် သဘောတူစာချုပ်ကို မိမိတို့သည် မကြာသေးမီကပင် လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ဧည့်သည်တော်ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်အယ်မုအာလင်နှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် အီရတ်နိုင်ငံခြားရေးဝန်ကြီး အယ်ဇေဘာရီက သတင်းထောက်များအား ပြောကြားလိုက်သည်။

အီရတ်နှင့် ဆီးရီးယားနှစ်နိုင်ငံတို့သည် သံအမတ်ကြီးများ စေလွှတ်ရေးနှင့် ဘဂ္ဂဒက်နှင့် ဒမတ်စကတ်မြို့များတွင် သက်ဆိုင်ရာ နိုင်ငံအလံများ လွှင့်ထူရန်လည်း သဘောတူညီလိုက်ကြသည်။

ထို့ပြင် နှစ်နိုင်ငံအကြား လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကိုလည်း ချုပ်ဆိုလိုက်သည်။ နှစ်နိုင်ငံသံတမန်ဆက်ဆံမှု ပြတ်တောက်သွားသည်မှာ နှစ်ပေါင်း ၂၀ကျော်ခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား

# ကမ္ဘာ့အကြီးဆုံး ရော်ဘာတုံး



**ကမ္ဘာပေါ်တွင် အကြီးဆုံးရော်ဘာတုံးကြီးတစ်ခုကို တွေ့ရစဉ်။** (ယာပုံ)

အမေရိကန်နိုင်ငံ ချီကာဂိုမြို့တွင် စတီမီလ်တန်အမည်ရှိ အမျိုးသား တစ်ဦးက ရော်ဘာကွင်းပေါင်း ၁၇၅၀၀၀ ကျော်ကိုအသုံးပြုပြီး ရော်ဘာတုံးကြီးတစ်ခုပြုလုပ်ထားရာ ၎င်းရော်ဘာတုံးကြီးသည် အလေးချိန် ၄၅၉၄ ပေါင်ရှိသဖြင့် ကမ္ဘာပေါ်တွင် အကြီးဆုံး ရော်ဘာတုံးကြီးအဖြစ် ဂင်းနက်စ် မှတ်တမ်းဝင်မည်ဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**



# ခြေထောက်နှစ်ဖက်ပူးပြီး မွေးဖွားလာသော ကလေးငယ်

**ခြေထောက်နှစ်ဖက်ပူးပြီး မွေးဖွားလာသောမိန်းကလေးငယ်လေးတစ်ဦးကို တွေ့ရစဉ်။** (ဝဲပုံ)

တရုတ်နိုင်ငံတောင်ပိုင်း ဟူနန်ပြည်နယ်ရှိ ကလေးဆေးရုံသို့ ရောက် ရှိလာသော သုံးရက်သားအရွယ်ရှိ ကလေးငယ်လေးတစ်ဦးမှာ မွေးဖွားစဉ်ကတည်းကပင် ခြေထောက် နှစ်ဖက်စလုံး ပူးကပ်ပြီး မွေးဖွားလာကြောင်း သိရသည်။ ယခုအခါ ဆရာဝန်များက ခြေထောက်များ သီးခြားစီဖြစ်အောင် ခွဲစိတ်ပေးရန် ပြင်ဆင်နေပြီဖြစ်သည်။ **(အင်တာနက်)**

# ဇမ်ဘီယာမှသကြားများ ပြည်ပသို့ ပိုမိုတင်ပို့မည်

**လူဆာကာ နိုဝင်ဘာ ၂၃**

ပြည်ပဈေးကွက်များတွင် လိုအပ်နေမှုကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ဇမ်ဘီယာနိုင်ငံက ပြည်ပသို့ သကြားပိုမိုထုတ်လုပ်တင်ပို့နိုင်ရေး ဆောင်ရွက်သွားနိုင်မည်ဟု မျှော်မှန်းထားကြောင်း ဇမ်ဘီယာနိုင်ငံထုတ် သတင်းစာ ဇမ်ဘီယာတိုင်းမ်တွင် နိုဝင်ဘာ ၂၁ ရက်၌ ဖော်ပြသည်။

**ရည်မှန်းထား**

ဇမ်ဘီယာနိုင်ငံတွင် သကြား အဓိကထုတ်လုပ်နေသော ဇမ်ဘီယာ သကြားလုပ်ငန်းအနေဖြင့် လက်ရှိ သကြားတန်ချိန် ၂၅၅၀၀၀ မှ ၂၀၁၀ ပြည့်နှစ်၌ တန်ချိန် ၄၃၄၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်သွားရန် ရည်မှန်းထားသည်ဟု အဆိုပါလုပ်ငန်းမှ ညွှန်ကြားရေးမှူးဖြစ်သူ ရီဘီကာကာတိုဝါက ပြောကြားသည်ဟု ၎င်းသတင်းစာ၌ ဖော်ပြသည်။

**တင်ပို့ခဲ့**

ဇမ်ဘီယာသကြားလုပ်ငန်းအနေဖြင့် လက်ရှိကြံစိုက်ပျိုးမှုဧရိယာ ဟက်တာ ၁၆၀၀၀ မှ ၂၀၁၂ခုနှစ်တွင် ဟက်တာ ၂၇၀၀၀အထိ တိုးမြှင့်သွားရန်လည်း ဆောင်ရွက်သွားမည်ဖြစ်သည်။ ဇမ်ဘီယာနိုင်ငံထုတ် သကြားများ၏ ၆၀ရာခိုင်နှုန်းမှာ ဥရောပသမဂ္ဂနှင့်ကွန်ဂို ဒီမိုကရက်တစ်ပြည်ထောင်စုနိုင်ငံများသို့ တင်ပို့ခဲ့သည်။

**အများဆုံးဝယ်ယူ**

ထိုနိုင်ငံများသည် ဇမ်ဘီယာနိုင်ငံ၏ သကြားများကို အများဆုံးဝယ်ယူသော နိုင်ငံများလည်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

## မြို့သစ်ဓမ္မာရုံကျောင်းတိုက် ၁၀ ရက်တရားစခန်း

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ မြို့သစ်ဓမ္မာရုံကျောင်းတိုက်တွင် ဒီဇင်ဘာ ၉ ရက်မှ ၁၈ ရက်အထိ သရက်မြို့ ဗုဒ္ဓသာသနာအလင်းရောင်ကျောင်း ဆရာတော် ဘဒ္ဒန္တကုသလ (မဟာစည်နာယက)၊ မြို့သစ် ဓမ္မာရုံကျောင်း ဆရာတော် ဘဒ္ဒန္တပညာဝရ (မဟာသဒ္ဓမ္မ ဇောတိကဓဇ)နှင့် သရက်မြို့ဘာဝနာကျောင်း ဆရာတော် ဘဒ္ဒန္တကေသဝ(မဟာသဒ္ဓမ္မဇောတိကဓဇ) တို့၏ ဦးဆောင်မှုဖြင့် နဝမအကြိမ်မြောက် မဟာစည် မဟာသတိပဋ္ဌာန် ဝိပဿနာ ၁၀ ရက် တရားစခန်းပွဲ ကျင်းပမည်ဖြစ်သည်။ တရားအားထုတ်လိုသော ယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး ဒီဇင်ဘာ ၈ ရက် ညနေ ၅ နာရီအရောက် လာရောက်ကြရန် အကျိုးတော်ဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

**(က–ပ)**

## သာယာမည်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။**



## ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ အထူးဈေးရောင်းပွဲတော်တက်ရောက်အားပေး

ရန်ကုန် နိုဝင်ဘာ ၂၃

**အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာဝင်း၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်း၊ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

### ဖွင့်လှစ်ပေး

ရှေးဦးစွာ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးညွန့်အောင်၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ်၍ အထူးဈေးရောင်းပွဲတော်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းက ပွဲတော်မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက အရောင်းဆိုင်များကို လိုက်လံကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

### ရောင်းချပေး

အဆိုပါ အထူးဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၁ ရက် အထိ နေ့စဉ်နံနက် ၈ နာရီမှ ည ၈ နာရီအတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းနှင့် မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းတို့မှ ထုတ်လုပ်သော အဝတ်အထည်အမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်း အမျိုးမျိုး၊ ဆေးဝါးနှင့် အိမ်သုံးကုန်ပစ္စည်း အမျိုးမျိုးနှင့် အိမ်ဆောက်ပစ္စည်း အမျိုးမျိုးတို့ကို အထူးဈေးနှုန်း သက်သာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## ဘဂ္ဂဒက်၌ ကားဗုံးနှင့် စိန်ပြောင်းများပေါက်ကွဲ လူပေါင်း၁၄၄ဦး သေဆုံးပြီး ၂၀၀ ကျော် ဒဏ်ရာရ

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၃**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်၌ နိုဝင်ဘာ ၂၃ ရက် ဒေသစံတော်ချိန် ၁၅း၀၀ နာရီတွင် ကားဗုံးနှင့်စိန်ပြောင်းများပေါက်ကွဲခဲ့ရာ လူပေါင်း ၁၄၄ဦးသေဆုံးသွားကြောင်း လုံခြုံရေးသတင်းရပ်ကွက်များက ပြောကြားသည်။

အဆိုပါပေါက်ကွဲမှုဖြစ်ပွားရာတွင် လူပေါင်း ၂၀၀ ကျော်လည်းဒဏ်ရာရရှိသွားကြောင်း၊ ယင်းတိုက်ခိုက်မှုသည် ၂၀၀၃ ခုနှစ် မတ်လက အမေရိကန်ဦးဆောင်၍ ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် အကြီးမားဆုံး ဗုံးခွဲတိုက်ခိုက်မှုများအနက် တစ်ခုဖြစ်ကြောင်း ၎င်းသတင်းရပ်ကွက်က ပြောကြားသည်။

ထိုပေါက်ကွဲမှုဖြစ်စဉ်တွင် ကားဗုံးတစ်လုံးမှာ အစားအစာများ ရောင်းချသော ဂျမီလာဈေး၌ ပေါက်ကွဲခဲ့ကြောင်း၊ သေနတ်သမားများသည် ကျန်းမာရေးဝန်ကြီးဌာနကို တိုက်ခိုက်ခဲ့ရာ အစောင့်တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဘဂ္ဂဒက်မြို့ အက်ဟာမီယာအရပ်၌ စိန်ပြောင်းတစ်ဒါဇင်ခန့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းများတွင် ဆက်လက်ဖော်ပြသည်။

**(ကိုးကား–အင်တာနက်)**

## ကျေးဇူးရှင်ပထမလယ်တီဆရာတော် ဝိဇာတမင်္ဂလာ ဆင်ယင်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်း မုံရွာမြို့ မဟာလယ်တီတိုက်၏ ပဓာနနာယက ဖြစ်တော်မူသော ဘဒ္ဒန္တကေလာသ(သာသနဓဇ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)နဝမမြောက် လယ်တီဆရာတော်နှင့် တိုက်တွင်းရှိ ဂဏဝါစက စာချဆရာတော်များ ကမကထပြု၍ ကျေးဇူးရှင် ပထမလယ်တီ ဆရာတော်ကြီး၏ ဝိဇာတမင်္ဂလာပွဲတော်ကို ၁၃၆၈ ခုနှစ် နတ်တော်လဆန်း ၁၃ ရက်တွင် ဆင်ယင်ကျင်းပမည်ဖြစ်သည်။

ပထမလယ်တီဆရာတော်ကြီး ရေးသားသော ဒီပနီကျမ်းမြတ်ဒေသနာများထားသိုရာ လယ်တီကျောက်စာတိုက်ကြီးကို လျှပ်စစ်မီးရောင်စုံများ၊ တိုက်တွင်းရှိ ကျောင်းအသီးသီးတွင်လည်း မီးရောင်စုံများ ထွန်းညှိပူဇော်ကြမည်ဖြစ်သည်။

ယင်းဝိဇာတပွဲတွင် ပထမလယ်တီဆရာတော်ကြီး၏ ပရမတ္ထသံခိပ်၊ စာမေးပွဲအောင်၊ လယ်တီမဟာသရဏဂုံ စာမေးပွဲအောင် ပုဂ္ဂိုလ်များနှင့် အစိုးရ ဓမ္မာစရိယ၊ ပထမကြီး၊ ပထမလတ်၊ ပထမငယ်အောင် ရဟန်းသာမဏေများအား အောင်လက်မှတ်နှင့် ဆုကြေးငွေများ ချီးမြှင့်ပူဇော်ကြမည်။

လယ်တီနိကာယဂိုဏ်းဝင် သံဃာတော်အပါး ၁၀၀ ကျော်တို့အား စာရေးတံမဲဖောက်လှူဒါန်းခြင်းအပြင် နှစ်စဉ်ကျင်းပလေ့ရှိသော ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို လယ်တီကျောက်စာတိုက်ကြီးပတ်ပတ်လည်တွင် စီတန်း၍ လောင်းလှူကြမည်ဟု သိရသည်။

**(က–ပ)**

## သစ်တောရေးရာဝန်ကြီးဌာန ဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုင်ကြားနိုင်

**ရန်ကုန် နိုဝင်ဘာ ၂၃**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးလျက်ရှိရာ မှန်ကန်သည့် တာဝန်ထမ်းဆောင်မှုများ ပေးနိုင်ရေးအတွက် အထက်အကြီးအကဲများက အခါမလပ် လမ်းညွှန်မှာကြားလျက်ရှိပြီး သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့်လည်း အစဉ်တစိုက် ပြည်သူလူထု၏ အကျိုးကို ကဏ္ဍအလိုက် ကောင်းမွန်မှန်ကန်သောနည်းလမ်းများဖြင့် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ယင်းသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့် မကိုက်ညီသော၊ မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံး၍ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုမှုများ ပြုလုပ်ခဲ့ပါက ထိခိုက်နစ်နာသည့် ပြည်သူလူထုများကိုယ်တိုင် စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဖော်ပြပါ လိပ်စာနှင့် ဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်သည်။

ယင်းတို့မှာ ဝန်ကြီး ဖုန်း ၀၆၇–၄၀၅၀၀၅၊ ရုံးအဖွဲ့မှူး ဖုန်း ၀၆၇–၄၀၅၀၀၄၊ ဖက်(စ်)၀၆၇–၄၀၅၀၇၀၊ သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ်(၂၈)နေပြည်တော် email;mofofficepma@mptmail.net.mm တို့ဖြစ်သည်။

ထိုသို့ တိုင်ကြားလာပါက ဝန်ကြီးရုံးအနေဖြင့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်မြန်ဆန်စွာ စုံစမ်းဖော်ထုတ် အရေးယူသွားမည်ဖြစ်ပြီး ပြည်သူလူထုများကလည်း နည်းလမ်းမှန်ကန်စွာ ပါဝင်ဆောင်ရွက်ကြရန် အသိပေးအကြောင်းကြားထားသည်။

**(သတင်းစဉ်)**

## အင်တာနက် သတင်းနှင့် ဓာတ်ပုံ

## လူမှုရေးပြဿနာနှင့် ဆက်နွယ်၍ စိတ်ကစဉ့်ကလျားရောဂါဖြစ်ပွားနိုင်

နေအိမ်များတွင် လူမှုရေးဆိုင်ရာ ပြဿနာများကြောင့် စိတ်ပိုင်းဆိုင်ရာ ရောဂါများ ဖြစ်ပွားတတ်ကြောင်း၊ အထူးသဖြင့် စိတ်ကစဉ့်ကလျားရောဂါကဲ့သို့သော ကျန်းမာရေးထိခိုက်မှုများ ဖြစ်ပွားရန် အခွင့်အလမ်း ပိုများကြောင်း လန်ဒန် သုတေသနပညာရှင်များ၏ ဆန်းစစ်ချက်တစ်ရပ်၌ဖော်ပြထားသည်။

### ထိခိုက်မှု

လူများအနေဖြင့် သာမန်ကျန်းမာရေးမကောင်းမှုသည် ဦးနှောက်ကို ထိခိုက်မှုမရှိစေသော်လည်း လူမှုရေးဆိုင်ရာအခက်အခဲပြဿနာများကဲ့သို့သော ကိစ္စရပ်များကြောင့် ဦးနှောက်ပိုင်းဆိုင်ရာထိခိုက်မှုဖြစ်ပေါ်စေသည့် ဆက်စပ်မှုကို သုတေသနပညာရှင်များက တွေ့ရှိခဲ့ကြသည်။

### အရေးအတွက်မြင့်မား

စိတ်ပိုင်းဆိုင်ရာရောဂါဖြစ်ပွားသောလူများကိုလေ့လာကြည့်ရာတွင် မိမိတို့မိသားစုများတွင် ဖြစ်ပွားတတ်သောလူမှုရေးနှင့် စီးပွားရေးဆိုင်ရာပြဿနာများကြောင့်ဖြစ်ရသည့်နှုန်းမှာအရေအတွက် မြင့်မားနေလျက်ရှိသည်ကိုတွေ့ရှိရသည်ဟု သုတေသနပညာရှင် ဒေါက်တာခရင်းမောဂင်က ပြောဆိုသည်။

သုတေသနပညာရှင်များအနေဖြင့် လန်ဒန်မြို့အရှေ့တောင်ပိုင်းမှ ပြည်သူ ၇၈၀ ခန့်တို့အား သုတေသနပြုခဲ့ရာ စိတ်ပိုင်းဆိုင်ရာရောဂါဖြစ်ပွားသူများမှာ လူမှုရေး အခက်အခဲများကြောင့်ဖြစ်ကြောင်း တွေ့ရှိရသည်ဟုဆိုသည်။

**(ကိုးကား–အင်တာနက်)**



## သံအမတ်ကြီး ဦးတင်လတ် ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၄**

မလေးရှားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်လတ်သည် ၎င်း၏ခန့်အပ်လွှာကို နိုဝင်ဘာ ၆ ရက်တွင် ကွာလာလမ်ပူမြို့၌ မလေးရှားနိုင်ငံ ဘုရင်မင်းမြတ် တွမ်ကူဆိုဒ် ဆီရာဂျူဒင် အစ်တ် နီအယ်လ်မာဟူမ် တွမ်ကူဆိုဒ် ပူထရာ ဂျမာလူလိုင်လ်ထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

**(သတင်းစဉ်)**



**မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ၁၃၆၈ ခုနှစ် သက်ကြီးစာပေပညာရှင် ပူဇော်ကန်တော့ပွဲသို့ တက်ရောက်နိုင်ခြင်း မရှိသော သက်ကြီးစာပေပညာရှင်ကြီးများအား အိမ်တိုင်ရာရောက် လိုက်လံကန်တော့ရာတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်) ခေါင်းဆောင်သောအဖွဲ့က ဆရာကြီးဦးကြည်ခင် (ကြည်ခင်–လျှပ်စစ်စွမ်းအား)အား ကန်တော့ကြစဉ်။** (က–ပ)

# မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးတာဝန်များ လက်ဆင့်ကမ်းထမ်းဆောင်နိုင်မည့် မျိုးဆက်သစ်သားကောင်းရတနာများ ပေါ်ထွန်းလာရေး စေတနာထားပျိုးထောင် အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းစဉ်များ အောင်မြင်အောင်ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် နိုဝင်ဘာ ၂၃

**ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ လိုက်ပါလျက် နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် တာချီလိတ်တပ်နယ်ခန်းမ၌ တာချီလိတ် တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ စစ်သည် မိသားစုများအား တွေ့ဆုံသည်။**



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း တာချီလိတ်မြို့ ဆန်ဆိုင်းအခြေခံပညာ အထက်တန်းကျောင်းကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အမှာစကားပြောကြားပြီး အရာရှိ စစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တာချီလိတ်တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များနှင့် မိသားစုများ စိုက်ပျိုးထားသည့် ခြံစည်းရိုး ကြက်ဆူပင်နှင့် စက်မှုကုန်ကြမ်းသီးနှံ၊နှစ်ရှည်ပင် ရော်ဘာပျိုးဥယျာဉ်တို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားသည်။ တာချီလိတ်တပ်နယ်တွင် ခြံစည်းရိုး ကြက်ဆူပင် ၁၂၀၀၀၀ပင်နှင့် ရော်ဘာပင် ၃၈၂၀၀ ပင် ပျိုးထောင်ထားရှိပြီဖြစ်ကြောင်း သိရသည်။

## ကြည့်ရှုစစ်ဆေး

ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် တာချီလိတ်မြို့ရှိ တာချီလိတ်ခရိုင်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ခရိုင်ကျန်းမာရေးဦးစီးဌာန ဒေါက်တာမောင်မောင်ယုနှင့် တာဝန်ရှိသူများက အထွေထွေရောဂါ စစ်ဆေးရေးဓာတ်ခွဲခန်း၊ ဆေးပစ္စည်းသိုလှောင်ခန်း၊ ခွဲစိတ်ဆောင်၊ အရိုးရောဂါကုသ ဆောင်၊ အမျိုးသားအမျိုးသမီး ဆေးကုသဆောင်များကို လိုက်လံ ရှင်းလင်းပြသရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တက်ရောက်ကုသမှု ခံယူနေကြသည့် ဒေသခံတိုင်းရင်းသားများအား စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံသို့ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပေးပို့လှူဒါန်းသည့် ဘတ်ငွေ ၁၈သိန်း ၈သောင်း ၈ထောင်တန်ဖိုးရှိ လူနာတင်ယာဉ်ကို ကြည့်ရှုစစ်ဆေးရာ ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမောင်မောင်ယုက ရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊တိုင်းမှူးဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တာချီလိတ်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ ရည်မှန်းချက်နှင့်အညီ ဒေသခံတိုင်းရင်းသားလူငယ်လူရွယ်များ ဘက်စုံပညာရည်ဖွံ့ဖြိုးတိုးတက်မြင့်မားရေး၊ နိုင်ငံတော်က အားထားရပြီး မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး တာဝန်များကို လက်ဆင့်ကမ်း ထမ်းဆောင်နိုင်မည့် နိုင်ငံ့မျိုးဆက်သစ် သားကောင်းရတနာပေါ်ထွန်းလာရေး စေတနာထားကာ ဝိုင်းဝန်းကြိုးပမ်း လေ့ကျင့်ပျိုးထောင်ပေးကြစေလိုကြောင်း၊ အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းစဉ်များ ထိရောက်အောင်မြင်အောင် တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

## ဝိုင်းဝန်းကြိုးပမ်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တာချီလိတ်မြို့ ဆန်ဆိုင်းအခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာကြီး ဦးအတူးက သင်ကြားပို့ချနေမှုအခြေအနေ၊ သင်ထောက်ကူပစ္စည်းများဖြင့် ကျောင်းသူကျောင်းသားများအား e-Education Learning Centreပို့ချမှုအခြေအနေ စသည်တို့ကို ရှင်းလင်းပြသရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးပြီး အောင်ချက်နှုန်း တိုးတက်မြင့်မားအောင် ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ဆန်ဆိုင်း အခြေခံပညာ အထက်တန်းကျောင်းသည် တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက် တာချီလိတ်–ကျိုင်းတုံလမ်းတွင် တည်ရှိပြီး ၁၉၇၇ ခုနှစ် ဇွန်လ ၁ ရက်မှစတင်၍ အခြေခံပညာမူလတန်းကျောင်း၊ ၁၉၉၀ ပြည့်နှစ် ဇွန်လ ၁ ရက်တွင် အခြေခံပညာ အလယ်တန်းကျောင်း၊ ၂၀၀၃ ခုနှစ် ဇွန်လ ၂၀ ရက်တွင် အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်ဆင့်တိုးမြှင့် ဖွင့်လှစ်လာခဲ့သည်။ ယခုအခါ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၆၀၀ ကျော် တို့အား ပညာသင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

တာချီလိတ်မြို့ ဆန်ဆိုင်းအခြေခံပညာအထက်တန်းကျောင်းကို ၁၉၉၀–၁၉၉၁ ပညာသင်နှစ်မှ ၂၀၀၀–၂၀၀၁ ပညာသင်နှစ်အတွင်း ၌ တာချီလိတ်မြို့ နဂါးနှစ်ကောင် ဆရာတော်ကြီးက ကျောင်းဆောင် အမှတ်(၂)၊ အမှတ်(၃)နှင့် အမှတ်(၄) နှစ်ထပ်ကျောင်းဆောင်သစ်ကြီးတို့ကို တန်ဖိုးငွေကျပ်သိန်း ၁၁၄၀ ကျော်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တာချီလိတ်မြို့၏ သန့်ရှင်းသပ်ရပ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

# မြန်မာ့ရုပ်ရှင်နေ့အထိမ်းအမှတ် ရုပ်ရှင်သက်ကြီးရန်ပုံငွေပဒေသာကပွဲ အထူးပွဲပြသ

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကြီးမှူး၍ မြန်မာ့ရုပ်ရှင်ပညာရှင်များကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ ရုပ်ရှင်နေ့ အထိမ်းအမှတ် မြန်မာ့ရုပ်ရှင် သက်ကြီးရန်ပုံငွေ ပဒေသာကပွဲ အထူးပြသပွဲကို ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ တင်ဆက်ကပြသည်။

## အထူးပွဲ

ယနေ့ကပြသည့် အထူးပြသပွဲတွင် တေးဂီတအစီအစဉ်၌ အကယ်ဒမီ သုမောင်နှင့် ဖိုးသောကြာတို့၏ တေးသံသာများ၊ ပြဇာတ်အစီအစဉ်တွင် ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင် စီစဉ်ပြီး ထွန်းထွန်း (Examplez)၊ နေတိုး၊ ရဲလေး၊ ဇာနည်၊ ဆုပန်ထွာ၊ လှအဥ္စလီတင့်၊ ဦးစိန်ရိုး၊ မော့စ်၊ စပ်စု၊ ချစ်စရာ၊ ပွင့်၊ ဘိုမ၊ ကလေးသရုပ်ဆောင် ဟဲဗီးဖြိုးနှင့် ရုပ်ရှင်အနုပညာရှင်များ၏ **"လူဖြစ်ရတာ မလွယ်ပါလား"** ပြဇာတ်၊ တေးဂီတအစီအစဉ်တွင် တေးသံရှင်ချိုပြုံး၏ တေးသံသာများ၊ ပြဇာတ်အစီအစဉ်တွင် ဒါရိုက်တာ မောင်သီ စီစဉ်ပြီး လွင်မိုး၊ နန္ဒာလှိုင်၊ ခိုင်သင်းကြည်၊ ကင်းကောင်၊ ဗေလုဝ၊ ကုသိုလ်၊ ထင်ပေါ်၊ အုန်းသီး၊ ဗေဒါ၊ ဆင်မကြီး၊ ဂွမ်းပုံကြီး၊ မလုံးတင်၊ ဓာတ်လင်းနှင့် ရွှေအိုးတို့ ပါဝင်သရုပ်ဆောင်ထားသည့် **"သုံးဖုံတစ်ဖုံ"** ပြဇာတ်၊ တေးဂီတအစီအစဉ်တွင် ဇော်ဝမ်းနှင့် နေအောင်တို့၏ တေးသံသာများ၊ ပြဇာတ်အစီအစဉ်တွင် ဒါရိုက်တာအောင်မင်းသိမ်း စီစဉ်ပြီး ကျော်ရဲအောင်၊ ကောင်းစံ၊ မိုးဒီ၊ ဇရာ၊ ဇော်ဝင်းနိုင်(မန်း)၊ မိုးကျော်၊ ဆိုနီ၊ စိန်သီး၊ ကြယ်သီး၊ ပန်းသီးနှင့် ဇီးသီးတို့ ပါဝင်သရုပ်ဆောင်ထားကြသည့် **"နတ်မင်းကြီးများ မနေနိုင်"** ပြဇာတ်၊ တေးဂီတအစီအစဉ်တွင် ရဲအောင်၏ တေးသံသာများ၊ ပြဇာတ်အစီအစဉ်တွင် ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်) စီစဉ်ပြီး ဒွေး၊ မင်းမော်ကွန်း၊ ထွန်းအိန္ဒြာဗို၊ စိုးမြတ်သူဇာ၊ မေသဥ္စာဦး၊ သားညီ၊ မင်းခ၊ ကျော်ကျော်ပိုင်မှူး၊ မောင်မေတ္တာ၊ အရိုင်း၊ ညောင်ညောင်၊ ငှက်ပျောကြော်၊ ဖိုးကျော်၊ ဖိုးလပြည့်တို့ ပါဝင်သရုပ်ဆောင်ထားသည့် **"အစဆွဲထုတ်သူများ"** ပြဇာတ်တို့ဖြင့် ဖျော်ဖြေတင်ဆက်သည်။

## ဖျော်ဖြေ

မြန်မာ့ရုပ်ရှင် ပညာရှင်များကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရုပ်ရှင်နေ့ အထိမ်းအမှတ် မြန်မာ့ရုပ်ရှင်သက်ကြီး ရန်ပုံငွေ ပဒေသာကပွဲကို အမျိုးသားဇာတ်ရုံ၌ နိုဝင်ဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ညစဉ် ၇ နာရီတွင် ရုပ်ရှင်အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး ဝင်ကြေးမှာ ငွေကျပ် ၁၀၀၀၀၊ ၇၀၀၀၊ ၅၀၀၀ နှင့် ၃၀၀၀ ဖြစ်သည်။ **(သတင်းစဉ်)**



**ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်အတွင်း ကုန်းတော်မြတ်နေရာ၌ ဗုဒ္ဓဂယာအောင်မြေဗောဓိ မဟာဗောဓိစေတီတော်မြတ်ပုံစံတူ (ဧရိယာ ၄၀ x ၆၃ အမြင့်) ဗုဒ္ဓဂယာ မဟာဗောဓိ သိမ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ မြေနီကုန်း စမ်းချောင်းမြို့နယ် ဗားကရာလမ်း အမှတ် ၂၄၄ နေ ဦးလှမင်း–ဒေါ်တင်ရီ မိသားစုက အလှူငွေကျပ် တစ်သိန်းကို နာယက အကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)

# အမျိုးသမီးရေးရာ သက်ငယ်အဖွဲ့ဝင်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေးလေ့လာ



**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာ ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့တို့ ဦးဆောင်သော ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ သက်ငယ် အဖွဲ့ဝင် ၅၀ တို့သည် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး လေ့လာရေးခရီးစဉ်အဖြစ် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီတွင်ရောက်ရှိရာအမျိုးသားပြတိုက် ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းက ရတနာပုံခေတ်တွင် အသုံးပြုခဲ့ပြီး လွှတ်တော်၌ တရားစီရင်သော ပလ္လင်ဖြစ်သည့် သီဟာသနပလ္လင် အကြောင်းနှင့် ထိုခေတ်တွင် အသုံးပြုခဲ့သော အခြား ပလ္လင်များ၏ အသုံးပြုပုံနှင့် ပြုလုပ်ထားသည့် ပစ္စည်းများကို အသေးစိတ် ရှင်းလင်းပြသသည်။

**(အပေါ်ပုံ)**

## ရှင်းလင်းပြသ

ထို့နောက် ရတနာပုံခေတ်ပြခန်း၊ မင်းခန်းတော်ပစ္စည်းပြတိုက်၊ သမိုင်းတင်ခေတ်ပြခန်း၊ ကျေးလက်အနုပညာပြခန်း၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းနှင့် မြန်မာ့ပန်းချီခန်းမဆောင်တို့ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ပြခန်းအလိုက် ရှင်းလင်းပြသကြသည်။

## ကြည့်ရှုလေ့လာ

ထို့ပြင် မြန်မာ့ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)နှင့် ဂျပန်နိုင်ငံမှ International Association for Asian Artists Network တို့ပူးပေါင်းပြသသော ORIENT 2006 Myanmar-Japan Rainbow Bridge ပန်းချီပြပွဲကို ဆက်လက်လေ့လာကြပြီး ဗုဒ္ဓဆင်းတုတော်ပြခန်းနှင့် သဘာဝသမိုင်းပြခန်းတို့ကို ကြည့်ရှုလေ့လာကြသည်။

## ပြန်လည်ထွက်ခွာ

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက အမျိုးသမီးရေးရာ သက်ငယ်အဖွဲ့ဝင်များအား မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုများသည် မြန်မာတစ်မျိုးသားလုံး၏ ဂုဏ်ယူသင့်သည့် အမွေများဖြစ်ကြောင်း၊ တစ်ချိန်တွင် မိမိတို့၏ တာဝန်ဝတ္တရားများကို ပခုံးလွှဲပြောင်းရယူကြမည့် ယနေ့သက်ငယ်အဖွဲ့ဝင်များအနေဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ကြည့်ရှုလေ့လာထိန်းသိမ်းခြင်းအားဖြင့် နိုင်ငံတော်၏ဂုဏ်၊ မြန်မာ့ယဉ်ကျေးမှု၏ ဂုဏ်တို့ကိုဆက်လက်မြှင့်တင်သွားကြရန်လိုကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး အမျိုးသားပြတိုက်မှ မွန်းလွဲ၁နာရီတွင် ပြန်လည်ထွက်ခွာသွားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ အစည်းအဝေးများ မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမများ၌ ဆက်လက်ကျင်းပ

**အမှာစကားပြောကြား**

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ပြည်ထောင်စုခန်းမ၌ကျင်းပရာ အလှည့်ကျ သဘာပတိ ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**ရန်ကုန် နိုဝင်ဘာ ၂၃**

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့၏ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ဆက်လက်ကျင်းပကြရာ အစုအဖွဲ့ အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။





**တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့**

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ပြည်ထောင်စုခန်းမ၌ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ကယားပြည်နယ်မှ ဦးကျော်ဒင်(ခ)ဦးထေးရယ်၊ တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခ)ဦးလှမြင့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ဒေါင်နှင့် ရခိုင်ပြည်နယ်မှ ဦးအောင်ဖဲဝေတို့က ဆောင်ရွက်ကြကာ အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီရုံး လုပ်ငန်းအဖွဲ့(၅)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ဦးနှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစုအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၆၄၅ ဦးရှိပြီး ကိုယ်စားလှယ် ၄၇၁ဦး တက် ရောက်၍ ရာခိုင်နှုန်းအားဖြင့် ၇၃ ဒသမ ၀၂ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ကရင်ပြည်နယ်မှ ဦးမန်းအုံးမောင်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက်ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ရှင်းလင်းတင်ပြချက်များကို စာတမ်းပြုစုရေး အဖွဲ့ခေါင်းဆောင် တနင်္သာရီတိုင်းမှ ဦးစိုးမြင့်က ပြန်လည်ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို နံနက် ၉ နာရီ ၂၅ မိနစ်တွင် ရုပ်သိမ်းသည်။

**တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၄)၌ကျင်းပရာ အလှည့်ကျသဘာပတိ ရှမ်းပြည်နယ်မှ ဦးစိုးတင့်အောင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)





**တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့**

တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို နံနက်၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၄)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ရှမ်းပြည်နယ်မှ ဦးစိုးတင့်အောင်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် စစ်ကိုင်းတိုင်းမှ ဦးကံညွန့်၊ မကွေးတိုင်းမှ ဦးတင်မောင်ကျော်တို့က ဆောင်ရွက်ကြကာ အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီရုံးလုပ်ငန်းအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး ဦးနေဝင်းနှင့် တွဲဖက်အခမ်း အနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၉၃ ဦးရှိပြီး ကိုယ်စားလှယ် ၈၂ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၈၈ ဒသမ ၁၇ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျ သဘာပတိ ရှမ်းပြည်နယ်မှ ဦးစိုးတင့်အောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြမည့် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်း ပြုစုရေးအတွက် တက်ရောက်လာကြသော ကိုယ်စားလှယ်များ၏ ဆန္ဒသဘောထား ရယူပြီး ပြည်နယ်နှင့် တိုင်းအသီးသီးမှ ကိုယ်စားလှယ်တစ်ဦး စီပါဝင်သော စာတမ်းပြုစုရေးအဖွဲ့ကို ဖွဲ့စည်း တာဝန်ပေးအပ်သည်။

ယင်းနောက် အလှည့်ကျ သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို နံနက် ၉နာရီ မိနစ်၂၀တွင် ရုပ်သိမ်းလိုက်သည်။

**အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့**

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့အစည်းအဝေးကို နံနက် ၉ နာရီတွင် ပါဝင်မည့် ဆွေးနွေးပွဲခန်းမ (၈)၌ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာ မနန်တူးဂျာက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ(၆)မှဦးအောင်ခမ်းထီတို့က ဆောင်ရွက်ကြကာ အခမ်းအနားမှူးအဖြစ်အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံးလုပ်ငန်း အဖွဲ့(၁၀)မှဒုတိယညွှန်ကြားရေးမှူးဦးအောင်ကြည်နှင့် တွဲဖက်အခမ်း အနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစုအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၈၉ဦးရှိပြီး ကိုယ်စားလှယ် ၅၈ဦး တက်ရောက်၍ ရာခိုင်နှုန်းအားဖြင့်၆၅ ဒသမ ၁၇ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာမနန်တူးဂျာက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက် တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ တင်ပြမည့် အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ်မှ ဦးစောလှထွန်းနှင့် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်မှ ပြည်နယ်ငှက်ဖျားဆရာဝန် ဒေါက်တာ ချမ်းသာ(ခ) ဦးညီညီတို့က အသီးသီး ဖတ်ကြား တင်ပြကြရာ အလှည့်ကျ သဘာပတိက ကိုယ်စားလှယ်များ၏ ဆန္ဒသဘောထားကိုရယူပြီး အတည်ပြုကြောင်းကြေညာသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့နှင့် စပ်လျဉ်း၍ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းပြုစုတင်ပြရေးအတွက် သဘာပတိအဖွဲ့ဝင် မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းအောင်ထွန်းက ရှင်းလင်းပြောကြားပြီး စာတမ်းပြုစုရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်သည်။

ယင်းနောက် အလှည့်ကျ သဘာပတိက နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

**အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၈)၌ကျင်းပရာ အလှည့်ကျ သဘာပတိ ကချင် ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာမနန်တူးဂျာ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)





## ကလော စက်မှုသိပ္ပံကျောင်းသားဟောင်းများ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၃**

ကလောစက်မှုလက်မှုသိပ္ပံ ကျောင်းသားကျောင်းသူဟောင်းများ (၁၉၆၉–၁၉၉၁)၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ၂ရက် (စနေနေ့)နံနက်၈နာရီမှ ၁၂နာရီအထိ ရန်ကုန်မြို့ ရွှေကျင်နိကာယ သာသနာ့လက်ာရ ဓမ္မဗိမာန်တော်ကြီး ဗဟန်းမြို့နယ်တွင်ကျင်းပရန်စီစဉ်ထားသည်။ ကန်တော့ခံ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ရန်ကုန်မြို့ ဦးသိန်းဝင်း ဖုန်း– ၅၀၁၆၈၈၊ ဦးညွန့်လွင် ဖုန်း– ၇၀၉၆၂၃၊ ဒေါ်ချယ်ရီအောင် ဖုန်း– ၆၅၁၀၆၈၊ မန္တလေးမြို့ ဦးထွန်းအောင် ဖုန်း–၀၂–၆၃၀၃၆၊ ဦးသိန်းထွန်း ဖုန်း–၀၉–၅၁၆၃၉၄၈၊ ၀၂–၆၂၄၆၁၊ ဦးစိုးထွန်း ဖုန်း–၀၂–၃၃၈၁၈၊ဦးတင်ထွန်းမင်း ဖုန်း–၀၉–၅၁၃၇၀၈၈ SPA ကလောမြို့၊ ဦးသန်းစိုး ဖုန်း–၀၈၁–၆၀၀၃၃၊ ပျဉ်းမနား ဦးအောင်ဌေး ဖုန်း–၀၆၇–၂၂၇၄၂၊ မုံရွာ ဦးသောင်းတင် ဖုန်း–၀၇၀–၂၂၂၂၆၊ ၂၂၂၂၅ Ext:၃၃၂၊ ဒေါ်အေးအေးထွေး ဖုန်း–၀၇၁–၂၁၆၅၆၊ ပြင်ဦးလွင် ဦးကျော်ညွန့် ဖုန်း–၀၉–၂၀၄၄၃၂၀နှင့် လားရှိုး ဒေါ်သီတာရင် ဖုန်း–၀၈၂–၂၂၆၈၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**





**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန်တို့ နေပြည်တော် လေဆိပ်တွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။** (သတင်းစဉ်)

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။** (သတင်းစဉ်)

**✻ ကျောဖုံးမှ**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစူရာယုဒ်၊ ချူလာနွန်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် နေပြည်တော်လေဆိပ်ရှိ အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

**ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် လိုက်ပါလာကြသော အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ်ကလည်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသော အဖွဲ့ဝင်များအား ခင်မင်ရင်းနှီးစွာ ပြန်လည်နှုတ်ဆက်သည်။

**ပို့ဆောင်နှုတ်ဆက်**

ယင်းနောက် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစူရာယုဒ်၊ ချူလာနွန်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ ထွက်ခွာကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

**● ကျောဖုံးမှ**

ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်း၊ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားတို့ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန်နှင့်အတူ Minister of Foreign Affairs, H.E. Mr. Nitya Pibulsonggram၊ Minister of Energy, H.E. Mr. Piyasvasti Amranand၊ Minister of Labour, H.E. Mr. Apai Chandanachulaka၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal၊ Secretary-General to the Prime Minister, Gen. Pongthep Tesprateep နှင့် ထိုင်းနိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံပွဲတွင် နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့သည် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေးတို့အတွက် ခင်မင်ရင်းနှီးစွာ ဆွေးနွေး အမြင်ချင်းဖလှယ်ကြသည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဦးနေဝင်း ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ဆွီဒင်နိုင်ငံဆိုင်ရာ အထူး အာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးနေဝင်းသည် ၎င်း၏ ခန့်အပ်လွှာကို နိုဝင်ဘာ ၉ရက်တွင် စတော့ဟုမ်းမြို့၌ ဆွီဒင်နိုင်ငံ သော၌သမမြောက် ကား(လ်) ဂူစတပ်(ဖ်) ဘုရင်မင်းမြတ်ထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

**(သတင်းစဉ်)**



## ဝါးအသုံးပြုမှုမြှင့်တင်ရေးလုပ်ငန်းစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် နိုဝင်ဘာ ၂၃**

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ သစ်နှင့်ပတ်သက်သော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း(ITTO)တို့ လေးနှစ်ကြာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေသည့် သစ်တောစီမံအုပ်ချုပ်မှု၌ ပြည်သူတို့တက်ကြွစွာပါဝင်သော ဝါးအသုံးပြုမှုမြှင့်တင်ရေးလုပ်ငန်း စီမံကိန်း၏ ဒုတိယအကြိမ်မြောက် ဝါးအလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၁ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောသုတေသနဌာနခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အောက်ပုံ)**






**တက်ရောက်**

ဖွင့်ပွဲသို့ ဝန်ကြီးဌာနရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်၊ဒုတိယ ပါမောက္ခချုပ်၊ စိုက်ပျိုးရေး တက္ကသိုလ်နှင့်စိုက်ပျိုးရေးသုတေသန၊ သစ်တောသုတေသနတို့မှပညာရှင်များ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၊ စီမံကိန်းဝင်ကျေးရွာများမှ ဒေသခံပြည်သူများတက်ရောက်ကြသည်။

**ဖတ်ကြားခဲ့**

အလုပ်ရုံဆွေးနွေးပွဲကိုနှစ်ရက်ကြာ ကျင်းပခဲ့ပြီး အပြည်ပြည် ဆိုင်ရာ ဝါးသုတေသန ပညာရှင်များဖြစ်သော အိန္ဒိယသမ္မတနိုင်ငံမှ Dr. K.K. Seethala Kshmi နှင့် ထိုင်းနိုင်ငံမှ Mr. Chudchawan Sutthisrisilapa တို့၏ စာတမ်းများ အပါအဝင် စာတမ်းကိုးစောင် ဖတ်ကြားခဲ့ကြသည်။

**လှည့်လည်ကြည့်ရှု**

ဝန်ကြီးသည် ဖွင့်ပွဲအပြီးတွင် ဒေသခံပြည်သူများနှင့် ဝါးလုပ်ငန်းရှင်များထုတ်လုပ်ထားသော ဝါးလက်မှုပစ္စည်းများကို စိတ်ဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## THE LIVE NEWS ဂျာနယ် အမှတ်(၁၂) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေ ဖြန့်ချိလျက်ရှိသည့် THE LIVE NEWS ဂျာနယ် အမှတ်(၁၂) ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ ၁၃၆၈ခုနှစ် စာဆိုတော်နေ့နှင့်သက်ကြီး စာပေပညာရှင်ကြီးများ ကန်တော့ပွဲ၊ အောင်လံနှင့် သရက် စာပေဟော ပြောပွဲ၊ ထင်းရှူးရိပ်နှင့် ရွှေဧည့်သည်၊ ပုရွက်ဆိတ်နှစ်ကောင် တစ်သောင်းရှစ်ထောင်၊ အီရန်နှင့် စကားပြောရတော့မည့် အမေရိကန်၊ မလေးရှားဘုရင်သစ် ရွေးချယ်တင်မြှောက်ပွဲ၊ တရုတ်သမ္မတနှင့်ရုရှားသမ္မတတို့ ဟန်္နွိုင်းတွင် တွေ့ဆုံ၊ သာဂဒိုး၏ဗေဒင်အဟောနှင့်လက်တွေ့၊ ကိုကိုလှိုင်၏ ထူးထူးခြားခြား ဟန်္နွိုင်း–အေပက်၊ ဒေါက်တာမတင်ဝင်း၏ အိန္ဒိယနဖူးပေါ်က ပုလဲရတနာ သီရိလင်္ကာ၊ စည်သူအောင်၏ နှလုံးသားနှင့် ကျားတစ်ကောင်၊ ဒိုင်းနေအောင်၏ ဂါဇာဆိုသည်မှာသွေးစက်လက်နှင့်မြေ၊ 'တကယ်သဘောကျတယ်' ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းအပိုင်း(၃/၄) စသည့်၊ သတင်းဆောင်းပါး၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာတင်ဆက်ထားသည်။

THE LIVE NEWS ဂျာနယ်သို့ ဆက်သွယ်လိုသူများ အမြို့မြို့ အနယ်နယ်မှစာမူပေးပို့လိုသူများသည် အမှတ်(၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း(၀၀၄) လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် နိုဝင်ဘာ ၂၃

**မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း၏ ဒုတိယအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို နိုဝင်ဘာ၂၆ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။ နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ ရေချိုမွေးမြူရေးငါးများ၏ မျိုးဗီဇ အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကိုပါ ပူးတွဲကျင်းပမည်ဖြစ်သည်။**

**အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ပညာရှင်များနှင့် လက်တွေ့လုပ်ငန်းဆောင်ရွက်နေသူ လုပ်ငန်းရှင်များက မျိုးဗီဇဆိုင်ရာစာတမ်းပေါင်းငါးစောင်ကို ဖတ်ကြားတင်သွင်းကြမည်ဖြစ်ရာ မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းဝင်များ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ပညာရှင်များ၊ ငါးသားပေါက်စခန်းတာဝန်ခံများ၊ တက္ကသိုလ်များမှ ဆရာဆရာမများနှင့် ငါးမွေးမြူရေးလုပ်ငန်းနှင့် ဆက်နွယ်သည့် ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

## ဂုဏ်ပြု နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန်နှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ ကာကွယ်ရေး ဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြု နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။

(သတင်းစဉ်)



## အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရွှေတိဂုံစေတီတော်(စနေထောင့်) ရွှေတောင်ငွေတောင် တန်ဆောင်းရှိ နိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၏ (၂၄)ကြိမ်မြောက် အဘိဓမ္မာ ဂုဏ်ထူးဆောင် အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၃၊ ၁၄၊ ၁၅ ရက်များတွင် ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်းရှိ ပဋ္ဌာနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။

ဖြေဆိုလိုသူများသည် ဥက္ကဋ္ဌ ဦးခင်ကြည် (တိုက် ၅/၁၄ ဘူတာရုံလမ်း ဘောက်ထော် ရန်ကင်း)၊ အတွင်းရေးမှူး ဦးသန်းထွန်းအောင် (အမှတ်၉/၁၁ ၃၀၂/C ၃၆လမ်း ကျောက်တံတားမြို့နယ်)၊ တွဲဖက်အတွင်းရေးမှူး ဒေါ်နီနီဝင်း (ပန်းဘဲတန်း မဟာသိမ်တော်ကြီးသင်တန်း)၊ ပြန်ကြားရေးမှူး ဦးဆန်းလင်း (ဆည်မြောင်းဦးစီးဌာနရုံးချုပ်)နှင့် အဖွဲ့တည်ရာ ရွှေတောင်ငွေတောင် တန်ဆောင်း ရွှေတိဂုံစေတီတော်တွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန်အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။**
(သတင်းစဉ်)



# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် နိုဝင်ဘာ ၂၃

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစူရာယုဒ်၊ ချူလာနွန် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

### တက်ရောက်

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H. E. Mr. Suphot Dhirakaosal၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

### ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုနေ့လယ်စာစားပွဲ၌ နေ့လယ်စာမသုံးဆောင်မီနှင့် နေ့လယ်သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာတေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

### ဂုဏ်ပြုပန်းခြင်းပေးအပ်

ဂုဏ်ပြုနေ့လယ်စာစားပွဲအပြီးတွင် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန်က ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

**(သတင်းစဉ်)**

# နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းဝန်ကြီးချုပ်ခေါင်းဆောင်သောအဖွဲ့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ နေပြည်တော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်မှ ထိုင်းနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ရှေးဦးစွာ ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာမှ မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

### ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်လေဆိပ်မှ ထိုင်းနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

# ရထားလမ်းနှင့် တံတားများ ကြံ့ခိုင်မှုကောင်းမွန်ရေး အချိန်နှင့်တစ်ပြေးညီ စစ်ဆေးပြုပြင်

ရန်ကုန် နိုဝင်ဘာ ၂၃

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်း လိုက်ပါ၍ နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက မြစ်ကြီးနားဘူတာမှတစ်ဆင့် မြစ်ကြီးနား-မန္တလေးရထားလမ်းပိုင်းရှိ မိုင်တိုင် ၇၁၄/၁၃ နှင့် ၇၁၄/၁၅ အကြား ပေ ၃၄၀ အရှည် တံတားအမှတ်(၇၁၅) နန့်ကွေ့တံတားကြံ့ခိုင်မှုကို စစ်ဆေးကြည့်ရှုပြီး ကြံ့ခိုင်မှု ထိန်းသိမ်းဆောင်ရွက်ရေး မှာကြားသည်။ ဆက်လက်ထွက်ခွာရာ မိုးကောင်းမြို့သို့ရောက်ရှိရာ မြန်မာ့မီးရထားမှ အရာထမ်းများအား တွေ့ဆုံ၍ မြစ်ကြီးနား-မန္တလေးရထားလမ်း အဆင့်မြှင့်ဆောင်ရွက်နေမှုများနှင့် မြန်မာ့မီးရထားမှ ဝန်ထမ်းများအနေဖြင့် ရထားလမ်းနှင့်တံတားများ ကြံ့ခိုင်မှုကောင်းမွန်ရေးအတွက် မပြတ်စစ်ဆေးဆောင်ရွက်ရေး မှာကြားသည်။**

### ရှင်းလင်းပြောကြား

ယင်းမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာရာ မိုင်တိုင် ၆၃၄/၆ နှင့် ၆၃၄/၁၀ အကြားတွင် ကွန်ကရစ်ဇလီဖား လဲလှယ်ခြင်းနှင့် ရထားလမ်းကျောက်ဖြည့်ခြင်း ဆောင်ရွက်မှုကို ကြည့်ရှုပြီး မိုးညှင်းမြို့သို့ ရောက်ရှိရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံ၍ မြစ်ကြီးနား-မန္တလေး ရထားလမ်းအဆင့်မြှင့် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် မိုင်တိုင် ၆၁၈/၁၁ နှင့် ၆၁၈/၁၂ အကြား အစုန်ရထားများအတွက် အရှိန်ထိန်းသဲလမ်း ဆောင်ရွက်ထားမှုကိုလည်းကောင်း၊ မိုင်တိုင် ၅၉၉/၂၂ နှင့် ၅၉၉/၂၃ အကြားရှိ ပေ ၈၀ အရှည်တံတား အမှတ်(၄၇၈) သံပေါင်တံတားကို လည်းကောင်း၊ မိုင်တိုင်၅၉၁/၂၀ နှင့် ၅၉၁/၂၁ အကြားရှိ ပေ ၁၂၀ အရှည် တံတားအမှတ် (၄၄၃) နဘားကြီးချောင်း၊ သံပေါင် တံတားကိုလည်းကောင်း စစ်ဆေးကြည့်ရှုပြီး ရေစီးကြောင်း တံတားကမ်းကပ်ခုံနှင့် တံတားတိုင်များ ကြံ့ခိုင်မှု ရှိ မရှိ စစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ပြုပြင် ဆောင်ရွက်ရေး၊ ရထားမတော်တဆမှုမဖြစ်အောင် မိမိလမ်းပိုင်းအလိုက် တာဝန်ရှိသူများက မပြတ် စစ်ဆေးပြုပြင်ရေးတို့ မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် နဘားဘူတာသို့ ရောက်ရှိပြီး ကသာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံ၍ မြစ်ကြီးနား-မန္တလေး ရထားလမ်း အဆင့်မြှင့်ဆောင်ရွက်နေမှုကို ရှင်းလင်း ပြောကြားကာ အသင်းဝင်များအနေဖြင့် ကျေးလက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ပေးရေးတို့ကို မှာကြားပြီး ဆက်လက်ထွက်ခွာရာ မိုင်တိုင် ၅၈၉/၁၂၊ ၅၈၉/၁၃ အကြားရှိ အရှည် ပေ ၂၃၀ တံတား အမှတ်(၄၃၆) သံပေါင်တံတား၊ မိုင်တိုင် ၅၄၀/၂၃ နှင့် ၅၄၀/၂၄ အကြားတွင် သံလမ်း ကျောက်ဖြည့်ခြင်းလုပ်ငန်းနှင့် မိုင်တိုင် ၅၄၀/၇ နှင့် ၅၄၀/၈ အကြားရှိ ပေ ၁၀၀ အရှည် တံတားအမှတ်(၃၂၃) သံပေါင်တံတားတို့ကို ကြည့်ရှုစစ်ဆေးသည်။

### ဝန်ထမ်းကောင်းပီသ

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ကောလင်းမြို့သို့ရောက်ရှိ၍ အကြီးတန်း တွဲပြင်စက်ရုံ၌ တွဲပြုပြင် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံဝန်ထမ်းအားလုံး ဝန်ထမ်းကောင်း ပီသစွာ ကျင့်ကြံပြီး လုပ်ငန်းတာဝန်ကို ကြိုးပမ်းဆောင်ရွက်ရေး၊ စက်ရုံအတွင်း အပြင် သန့်ရှင်းသပ်ရပ်မှု ရှိစေရေးတို့ မှာကြားသည်။

ဝန်ကြီးနှင့် အဖွဲ့သည် နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ကန့်ဘလူဘူတာသို့ ရောက်ရှိပြီး ဒေသခံများအား တွေ့ဆုံ၍ မန္တလေး-မြစ်ကြီးနားလမ်း အဆင့်မြှင့် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြား၍မိုင်တိုင်၄၇၃/၄ နှင့် ၄၇၃/၆ အကြားရှိ ပေ ၂၂၀ အရှည် တံတားအမှတ်(၁၅၉) သို့ ရောက်ရှိ စစ်ဆေးသည်။

### လိုအပ်သည်များမှာကြား

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် စစ်ကိုင်းတံတား၏ မန္တလေးဘက်ကမ်း ရထားလမ်းတာပေါင် ကြံ့ခိုင်ရေးအတွက် တာပေါင်ဝဲယာတွင် တုတ်ရိုက်၊ သဲအိတ်ဖြည့်ခြင်း ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တောင်ငူ ဂျီတီအိုင်ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

တောင်ငူ G.T.I တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ဂါရဝပြုမည့် အခမ်းအနားကို ဒီဇင်ဘာ ၃ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် မင်းဓမ္မလမ်း Hero Restaurant တွင် ကျင်းပမည်ဖြစ်သည်။

### ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေများကို ကိုကျော်လင်းသန့် ဖုန်း-၀၉-၅၁-၆၅၄၉၀၊ ကိုအေးကို ဖုန်း-၀၉-၅၁-၃၀၆၁၅၊ ကိုခင်မောင်ဦး ဖုန်း-၀၉-၅၀-၁၀၅၃၀၊ ကိုမြင့်နိုင် ဖုန်း-၀၉-၅၁-၁၄၂၆၂၊ ကိုစိုးလွင် ဖုန်း-၀၉-၉၉-၇၂၉၅၅၊ ကိုထွန်းမြင့် ဖုန်း-၀၆၇-၄၁၄၂၁၀၊ ၀၆၇-၄၁၄၅၂၉၊ မခင်မာလာထွန်း ဖုန်း-၀၁-၂၄၈၁၁၂၊ Ext-၂၇၄၊ ကိုရဲမင်းကျော်ငြိမ်း ဖုန်း-၀၉-၅၃-၀၁၀၃၉ နှင့် ကိုနေမျိုး ဖုန်း-၀၉-၅၁-၄၄၉၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

# နိုင်ငံရေးအမြတ်ထုတ်သူများ၏ ဓမ္မန္တရာယ်

## ဘိုးဘိုးအောင်

**၂၉-၁၀-၂၀၀၆ ရက်နေ့၊ နံနက် ၉နာရီနှင့် ၁၀နာရီကြား။**

**ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်း အထွတ်အမြတ်ထားရာ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော် မြောက်ဘက်စောင်းတန်းအောင်မြေ(ရာဟုထောင့်)။**

**အသက် ၉၀ အရွယ် တတိယအရွယ်၏ နှလုံးသားဝေဒနာတစ်ရပ် အပြင်းအထန်ခံစားလိုက်ရသည့်နေ့၊ အဘတစ်သက် မေ့မရသည့်နေ့။**

**နှလုံးစိတ်ဝမ်း ငြိမ်းချမ်းလို၍ သန္တိ သုခအေးရိပ်ဆာယာကို ရှာမိရာမှ ထိတ်ထိတ်ပျာပျာ ဖြစ်ခဲ့ရသည့်နေ့။**

* * *

အဘသည် သာယာဝတီခရိုင် ရေတိုက်ရွာအနီးဇနပုဒ်မှ တောင်သူလယ်သမားကြီးတစ်ဦး ဖြစ်ပါသည်။ အသက် ၉၀အရွယ်ဖြစ်၍ ခေတ်စနစ်အမျိုးမျိုးကို မီလိုက်ပါသည်။ သို့သော် အဘသည် နိုင်ငံရေးကို ဘာမှ နားမလည်ပါ။ မိဘလက်ငုတ်ရင်း တောင်ယာလုပ်ငန်းကို ဆယ်နှစ်သားဘဝကတည်းက ပင်ပင်ပန်းပန်းလုပ်ခဲ့ရပါသည်။ ရွာဦးကျောင်းဆရာတော်ထံမှ သေစာရှင်စာတတ်လျှင် ပြီးရောဟု မိဘများက သဘောထားခဲ့၍ လော မသိ၊ လောကဓာတ်ကျောင်းတွင် အဘမနေခဲ့ရပါ။ မွေးချင်းများ၊ သွေးချင်းများနှင့် သက်တူရွယ်တူ မိတ်သင်္ဂဟများ အများအပြားကွယ်လွန်သွားခဲ့ကြပါပြီ။ ထို့ကြောင့် သားသမီးများ၏ တုံ့လှည့်ကျေးဇူးပြုမှုကို ခံယူကုသိုလ်ပေးပြီး ဒါန၊ သီလ၊ ဘာဝနာမှုအစုစုတို့ဖြင့်သာ ဘဝနေဝင်သည့်ကာလကို စောင့်မျှော်နေသူဖြစ်ပါသည်။ သားသမီးများက ဘုရားဖူးခေါ်၍ မြေး၊ မြစ်၊ တီများနှင့်တွေ့ရန် ရန်ကုန်လိုက်လာခဲ့ခြင်း ဖြစ်ပါသည်။ ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်မြတ်ကြီးအနီးရှိ ရပ်ကွက်တွင် သားသမီးများ အခြေချ နေထိုင်သည်ဖြစ်၍ အခါအားလျော်စွာ ဘုရားကြီးသို့ တက်ရောက်ဖြစ်ပါသည်။

အဘသည် တနင်္ဂနွေသားဖြစ်ပါသည်။ မိဘများက မောင်အောင်ဟု ချစ်စနိုးခေါ်ပါသည်။ အမည်အပြည့်အစုံမှာ ဦးအောင်ဇေယျဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါနေ့က ရက်ရာဇာလည်းကျ၊ မိမိမွေးနေ့လည်းဖြစ် အသက်(၉၀)ပြည့်မြောက်သည့် နေနှင့်လည်း တိုက်ဆိုင်နေ၍ အဘနေထိုင်ရာ ကျေးလက်ဒေသရှိ စေတီနှစ်ဆူ ပြုပြင်မွမ်းမံမည်ဟူသော စိတ်အကြံ အဓိဋ္ဌာန်ဖြင့် အောင်မြေသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားခဲ့ပါသည်။ အဘရောက်၍မှ မကြာမီ လူစုလူဝေးတစ်ခု၏ လှုပ်ရှားမှုကို သတိပြုလိုက်မိပါသည်။ သို့သော် မိမိ၏အဓိဋ္ဌာန် စိတ်အကြံအာရုံကိုပင် ဦးတည်ဝတ်ပြုဆုတောင်း၍ ဝိပဿနာတရား တတ်အားသမျှ အားထုတ်မည်ဟု သမာဓိကို တည်ဆောက်ပါတော့သည်။

သို့သော် အဘတို့ ကျေးလက်မှ တောရကျောင်းနှင့်မတူခြင်းကြောင့် ဘေးမှ အတိုင်အဖောက်ဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းသွားသော ဝတ်ပြုဆုတောင်းသံများ ကြားလိုက်ရသောကြောင့် အာရုံအနည်းငယ် ပျက်သွားပါသည်။ မျက်စိကလည်း မကောင်း၊ နားကလည်း အသင့်အတင့်သာ ကြားတော့သဖြင့် ပတ်ဝန်းကျင်ကို လေ့လာလိုက်ရာ ရတ်ရတ်သဲသဲ လှုပ်လှုပ်လှဲလှဲ တစ်စုံတစ်ခုတော့၊ တစ်ခုခုဟူ၍တော့ သတိထားလိုက်မိပါသည်။ အဆိုပါလူအုပ်စု၏ ဝတ်ပြုဆုတောင်းသံနှင့် မရှေးမနှောင်းပင်၊ အဘနှင့်အဘဘေး ဝတ်ပြုဆုတောင်း တရားထိုင်နေကြသော သက်ကြီးရွယ်အိုများ၊ လူလတ်ပိုင်းများ၊ အမျိုးသား အမျိုးသမီးအတော်များများသည် ကပျာကယာထ၍ အောင်မြေမှ အလျှိုအလျှိုထွက်ခွာသွားကြပါတော့သည်။

အဘလည်း သမာဓိအားကို အစွမ်းကုန် အရှိန်မြှင့်တည်ဆောက်၍ ပတ်ဝန်းကျင်၏ အနှောင့်အယှက်အသံဗလံများကို ဥပေက္ခာပြုလျစ်လျူရှု၍ ဝိပဿနာတရား ဆက်လက် အားထုတ်ပါသည်။ သို့သော် မရတော့ပါ။ အဘက အခြား သူများကို အပြစ်မတင်ပါ။ မိမိ၌ သမာဓိအားနည်းနေသေးပါသေးသကော ဟူ၍ မိမိကိုယ်မိမိ အပြစ်တင်ပြီး တနင်္ဂနွေထောင့်သို့ သုတ်ခြေတင်ကာ အဆိုပါလူအုပ်ကို ကျောခိုင်း၍ မိမိ၏အဓိဋ္ဌာန်ကို ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။ များမကြာမီ "အဖေ" ဟူသော ခေါ်သံကြားလိုက်ရပြီး သမီးကြီးတို့မိသားစု ကျွန်တော့်ဘေးတွင် ရောက်ရှိနေကြောင်း တွေ့လိုက်ရပါတော့သည်။ နံနက်စာစားရန် အချိန်လည်း ရောက်ခဲ့ပါပြီ။

"အဖေ... အဖေ... အဓိဋ္ဌာန်ပြီးပြီလား၊ လာ ပြန်ရအောင်..."

သမီးကြီး၏ စကားဆုံးသည်နှင့် မြေးကြီးဖြစ်သူ သားယောကျ်ားလေးက အဘအား ချိုင်းနှစ်ဖက်မှမ၍ ထစေပါတော့သည်။

"သမီး အလုပ်မသွားဘူးလား၊ ဘယ်အချိန်ရှိပြီလဲ၊ သားကော အလုပ် မသွားသေးဘူးလား"

အဘက မေးလိုက်ပါသည်။

"သမီးတို့ ဒီနေ့ အလုပ်ပိတ်ပါတယ်။ ဒါကြောင့် အဖေ့ကို လာကြိုတာ"

ယုံရခက်ခက်ပင်၊ သမီးကြီးနှင့် မြေးယောကျ်ားလေးတို့သည် စနေ၊ တနင်္ဂနွေပါမနား ကိုယ်ပိုင်လုပ်ငန်း လုပ်နေကြသူများဖြစ်ပါသည်။ ယခုကဲ့သို့ တကူးတက လာကြိုသည်ဆိုသောအခါ တအံ့တဩဖြစ်ရပါသည်။ သို့သော်ခါတိုင်းလို ထမင်းချိုင့်လည်းမပါ၊ ထမင်းစားချိန်လည်း နီးကပ်နေပြီဖြစ်၍ ပြန်လိုက်သွားပါတော့သည်။

"အဖေရယ် ခုမှပဲ စိတ်အေးရတော့တယ်။ သမီးတို့ စိတ်ပူလိုက်ရတာ"

သမီးကြီး၏ နှုတ်ထွက်စကားဖြစ်၏။ ရုတ်တရက် ကျွန်ုပ် အံ့အားသင့်သွား၏...

"ဘာဖြစ်လို့လဲ သမီးရဲ့၊ အဖေ ဘာမှမဖြစ်ပါဘူး"

"ဟုတ်ပါတယ် အဖေ ဘာမှမဖြစ်ပါဘူး၊ ဒါပေမယ့် ရပ်ကွက်ထဲက သတင်းစကားက ၈၈မျိုးဆက် ကျောင်းသားအုပ်စုဆိုလား၊ ဘာလားမသိဘူး။ ရွှေတိဂုံစေတီတော်ရင်ပြင်ထက် တက်သွားလေရဲ့၊ ဘာတွေဗရုတ်သုတ်ခလုပ်မလဲ မသိဘူးလို့ ပြောသံကြားရတာနဲ့ ချက်ချင်းလိုက်လာတာ"

"ဩော်-ဟုတ်ပြီ--ဟုတ်ပြီ၊ အများပြည်သူ နှလုံးစိတ်ဝမ်းငြိမ်းချမ်းစွာ ဘုရားဝတ်ပြု ကုသိုလ်ယူဒါန၊ သီလ၊ ဘာဝနာပြုမှုကိစ္စအဝဝကို ဒင်းတို့ နှောင့်ယှက်သည်အထိပင် အတင့်ရဲလာပကော"

ဟု ကျွန်ုပ်စိတ်ထဲမှ ကောက်ချက်ချလိုက်မိ၏။ တစ်ချိန်တည်း ၎င်းတို့ကိုလည်း ကရုဏာပွားလိုက်မိ၏။

* * *

ဩော်-တကယ်တော့ အောင်မြေသည် နိဗ္ဗာန်ရောက်ကြောင်းတရားကို ပွားများအားထုတ်ကြသူတို့နှင့်သာ ထိုက်တန်ပေ၏။ သို့တည်းမဟုတ် နိဗ္ဗာန်ရောက်ကြောင်းတရားကို အထောက်အပံ့ဖြစ်စေသော အကျိုးစီးပွားနှင့်သာ သက်ဆိုင်ပေ၏။

မြတ်ဗုဒ္ဓကဲ့သို့သော ဘုန်းရှင်၊ ကံရှင်၊ ပါရမီရှင်သည်ပင်လျှင် နိဗ္ဗာန်ရောက်ကြောင်းတရားကို အားထုတ်ရာ၌ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်ခဲ့ရပေသေး၏။

**ကလိမ်ချို့ လောကနိဗ္ဗာန်ဆော်များနှင့် အောင်မြေသည် လားလားမှ မထိုက်တန်ချေ။ နိဗ္ဗာန်ရောက်ကြောင်းတရားကား ဖြတ်လမ်းမရှိ။ ထို့အတူ လောကနိဗ္ဗာန် တည်ဆောက်မည်ဟု ကြွေးကြော်နေသော ကလိမ်ချို့ လောကနိဗ္ဗာန်ဆော်များ၊ မင်းမဲ့ဝါဒီများ၊ ဘာသာရေးကို ခုတုံးလုပ်၍ နိုင်ငံရေးအမြတ်ထုတ်သူများ၏ ဓမ္မန္တရာယ်ကား မသေးလှ**ချေတကား။

သူတော်ကောင်းတရား ခုနစ်ပါးတွင် သဒ္ဓါတရားထက်သန်မှုကား မိမိ၏ အရှုတ္တသန္တာန်၌ မယိုင်မလဲ ခိုင်မြဲလှသော်လည်း ယင်းသဒ္ဓါတရားထက်သန်မှုကို မလိုလားအပ်သော ဗဟိဒ္ဓအသွင်သဏ္ဍာန်တစ်ရပ်ကြောင့် မည်သို့မျှ ပျက်စီးဆုံးရှုံးမခံနိုင်ဟု ကျွန်ုပ်တစ်ချိန်တည်းတွင် ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချလိုက်မိပါတော့သတည်း။ ။

**ကလိမ်ချို့ လောကနိဗ္ဗာန်ဆော်များနှင့် အောင်မြေသည် လားလားမှ မထိုက်တန်ချေ။ နိဗ္ဗာန်ရောက်ကြောင်းတရားကား ဖြတ်လမ်းမရှိ။ ထို့အတူ လောကနိဗ္ဗာန်တည်ဆောက်မည်ဟု ကြွေးကြော်နေသော ကလိမ်ချို့ လောကနိဗ္ဗာန်ဆော်များ၊ မင်းမဲ့ဝါဒီများ၊ ဘာသာရေးကို ခုတုံးလုပ်၍ နိုင်ငံရေးအမြတ်ထုတ်သူများ၏ ဓမ္မန္တရာယ်ကား မသေးလှ။**



## ဆက်ကပ်လှူဒါန်း

**တာမွေမြို့နယ် တာမွေကလေးရပ်ကွက် ဦးဘကျော်လမ်း စတုဘုမ္မိကစာသင်တိုက်တွင် ဆောက်လုပ်ဆဲ ဒါနပါရမီ နှစ်ထပ်ကျောင်းဆောင်အတွက် မေတ္တာညွန့်ရပ်ကွက် ဝဏ္ဏသိင်္ဂီလမ်း အမှတ် ၅၁၀/၅၁၁နေ (ဆရာခို) အနာလိမ်းဆေး ဖခင်ကြီး ဦးဟန်မောင်နှင့် မိခင်ကြီး ဒေါ်သန်းညွန့်တို့အား အမှူးထား၍ သား ဦးအောင်လင်း(ခေါခံခ) အနာလိမ်းဆေးက မွေးနေ့အလှူဒါနအဖြစ် ငွေကျပ် သုံးသိန်းကို ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## ပို့ကုန်/သွင်းကုန်လုပ်ထုံးလုပ်နည်း သင်တန်းဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များ အောင်မြင်ရေးအတွက် ပါဝင်ဆောင်ရွက်လျက်ရှိပြီး ပြည်ပပို့ကုန်တိုးချဲ့တင်ပို့ရေး၊ ဈေးကွက်သစ်များတိုးချဲ့ရှာဖွေတင်ပို့ရေး၊ ကုန်သွယ်မှုလုပ်ငန်းများအဆင်ပြေချောမွေ့ရေး၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များ၏ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်အောင်မြင်စေရန်ရည်ရွယ်ချက်များဖြင့် ပို့ကုန်/သွင်းကုန်လုပ်ထုံးလုပ်နည်းသင်တန်း အမှတ်စဉ်(၃၀)ကို ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန(ရန်ကုန်ရုံး)တွင် ဒီဇင်ဘာတတိယပတ်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ အရည်အချင်းသတ်မှတ်ချက်နှင့် ပြည့်မီသောသင်တန်းသားများကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန( စီမံရေးနှင့်လေ့ကျင့်ရေးဌာန) ရန်ကုန်ရုံးခွဲတွင် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**



**ရွှေပြည်သာမြို့နယ် အမက(၆) ကျောင်းခြံစည်းရိုးအတွက် အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၁၇ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ရွှေပြည်သာမြို့နယ် အမှတ် (၆)ရပ်ကွက် သံဒင်းနေ ဦးကိုကို-ဒေါ်နွယ်နွယ်ဝင်း၊ သားမောင်ဝင်းထွေး (စတုတ္ထတန်း) မိသားစုက အလှူငွေကျပ် ၈၀၀၀၀ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သက်ဆွေက လက်ခံယူစဉ်။** (ဝ၆၄)

## ကျောင်းကုန်းမြို့နယ်အသင်း( ရန်ကုန် ) ငွေရတု သက်ကြီးပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ကျောင်းကုန်းမြို့နယ်အသင်း (ရန်ကုန်)၏ (၂၅)ကြိမ်မြောက် ငွေရတုသဘင် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ၃ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရွှေတိဂုံတောင်ဘက်မုခ် (လိပ်ကန်အနီး) သစ်တောမြှာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများ၊ မြို့နယ်သူမြို့နယ်သား မိသားစုများ မပျက်မကွက် တက်ရောက်ကြပါရန်ဖိတ်ကြားနိုးဆော်ထားသည်။

အသက် (၇၅)နှစ်နှင့် အထက် အသင်းဝင်များ၏ အမည်စာရင်းနှင့် ၂၀၀၅-၂၀၀၆ခုနှစ် ပညာသင်နှစ်အတွင်း အခြေခံပညာအထက်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင် သားသမီးများ၏ အမည်စာရင်း၊ အမှတ်စာရင်းတို့ကို အသင်းတိုက်တည်ရာ အမှတ်၂၀၃ ၃၇လမ်း ရန်ကုန်မြို့ ဖုန်း-၃၈၃၅၂၄၊ ဦးစောလွင် ဖုန်း-၅၃၆၈၂၇ နှင့် ဦးမျိုးဟန် ဖုန်း-၅၇၀၄၇၉ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



နှစ်ဖက်သော မိဘများ အမှူးထား၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၂) ရပ်ကွက် ဆင်ရေတွင်း (၁) လမ်း အမှတ် ၂၂၊ ၅-လွှာနေ ဦးတင်အေး-ဒေါ်ဖြူဖြူအေး၊ သမီးမအေးငြိမ်းစံ မိသားစုက ဒဂုံမြို့နယ် အမှတ် (၁၆) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်ငါးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်း ဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ကေတုမတီဘက်စုံသီးနှံစိုက်ကွင်း စစ်ဆေး ဒေသ၌ဖြစ်ထွန်းသည့် ကြံသီးနှံတိုးချဲ့စိုက်ပျိုးရေး မှာကြား

နေပြည်တော် နိုဝင်ဘာ ၂၃

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဧရာဝတီတိုင်းအတွင်း ဖွံ့ဖြိုးရေးအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက မော်တော်ယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာလာရာ ညနေ ၅နာရီတွင် တောင်ငူမြို့သို့ ရောက်ရှိ၍ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကို၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကေတုမတီဘက်စုံသီးနှံ စိုက်ကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

## ကြံသီးနှံတိုးချဲ့စိုက်ပျိုး

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များအား ယာယီရှင်းလင်းဆောင်၌ စိုက်ကွင်းတာဝန်ခံက စိုက်ကွင်း၏ နောက်ခံသမိုင်းအကျဉ်း၊ မြေဧရိယာ၊ ၂၀၀၅-၂၀၀၆ခုနှစ်တွင် သီးနှံစိုက်ပျိုးပြီးစီးမှုနှင့် ၂၀၀၆-၂၀၀၇ခုနှစ်တွင် စိုက်ပျိုးရန် လျာထားမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်ချုပ်ကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ယခုနှစ်တွင် ဒေသ၌ဖြစ်ထွန်းသည့် ကြံသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးရန် မှာကြားသည်။

## လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကေတုမတီ စိုက်ကွင်း၌ အောင်မြင် ဖြစ်ထွန်းလျက်ရှိသော ကြံစိုက်ခင်းများ၊ စက်ကိရိယာများနှင့် မြေယာထွန်ယက် ပြုပြင်နေမှုများကို ရှုရပ်မှလည်းကောင်း၊ မော်တော်ယာဉ်များဖြင့် လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

## ဆောင်ရွက်

ကေတုမတီ ဘက်စုံစိုက်ကွင်းတွင် ဧက၉၈၂၅ရှိသည့်အနက် ဧက ၅၀၃၄ ဧကကိုဖော်ထုတ်ကာ မိုးစပါး ၁၆၈၁ ဧက၊ ချက်ကြံ ၁၅၉၈ဧက၊ ခြံစည်းရိုးကြက်ဆူ၁၄၅၀ဧက၊ စိုက်ပျိုးထားပြီး နွေစပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ချဉ်ပေါင်လျှော်၊ သီဟိုဠ်သရက်နှင့် ရော်ဘာများကို တိုးချဲ့၍ ဆောင်ရွက်လျက်ရှိသည်။

## စိုက်ပျိုးရန်စီစဉ်

တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တွင် ဘက်စုံစိုက်ကွင်း ကိုးခုရှိသည့်အနက် ကေတုမတီ၊ စပါးကြွယ်နှင့် မြောက်ရေကြည် စိုက်ခင်းတို့၌ ချက်ကြံဧက ၈၅၀၀ စိုက်ပျိုးထားပြီး ဧက၁၅၀၀ တိုးချဲ့၍ ဧက ၁၀၀၀၀အထိ စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင်ရပ်တည်ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရေး

## အမျိုးသားညီလာခံကြီးကို ပြည်သူတစ်ရပ်လုံးထောက်ခံမှုဖြင့် ကျင်းပလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၃

**အုပ်ချုပ်ရေးစနစ်သစ်နှင့် ပတ်သက်၍ ရှင်းလင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**

## အမှာစကားပြောကြား

ရှေးဦးစွာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ အုပ်ချုပ်ရေးစနစ်သစ်နှင့် ပတ်သက်၍ ရှင်းလင်းပွဲသည် ပြည်နယ်အတွင်းရှိ အုပ်ချုပ်ရေးယန္တရားကို ဖော်ဆောင်လျက်ရှိသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံ အဖွဲ့အစည်းများနှင့် ပြည်သူများအတွက် အလွန်အရေးကြီးကြောင်း၊ နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖော်ဆောင်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကို စနစ်တကျချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော် အေးချမ်းတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ရှိစွာ ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံတည်ရှိကာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ကမ္ဘာ့အလယ်တွင် သိက္ခာရှိရှိ၊ ခိုင်ခိုင်မာမာရပ်တည်ရေးဦးတည် ဆောင်ရွက်လျက်ရှိကြောင်း၊ ဤသို့ ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေးသုံးပါးသည် အလွန်အရေးကြီးကြောင်း၊ သို့မှသာ နိုင်ငံတော်ကို တစ်စည်းတစ်လုံးတည်းဖြစ်စေလျက် အေးချမ်းတည်ငြိမ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလုပ်ငန်းစဉ်(၇)ရပ်ကို ချမှတ်ကာ အရေးကြီးဆုံးဖြစ်သည့် ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကြီးကို ပြည်ထောင်စုတိုင်းရင်းသား အစုအဖွဲ့များ စုပေါင်း ပါဝင်လျက် ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ထောက်ခံမှုဖြင့် အောင်မြင်စွာ ကျင်းပလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး**(အပေါ်ယာပုံ)**က အုပ်ချုပ်ရေးစနစ်သစ်နှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများအား တူညီဝတ်စုံများကို ထောက်ပံ့ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ သတင်းတပ်ဖွဲ့နှင့် အထူးမှုးယစ်တပ်ဖွဲ့များမှ တာဝန်ရှိသူများက လက်ခံကြသည်။

## ဆေးဝါးများပေးအပ်

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့က ကချင်ပြည်နယ်အတွင်းရှိမြစ်ကြီးနား၊ဗန်းမော်နှင့် ပူတာအိုတို့ရှိ အကျဉ်းသားများအတွက် ဆေးဝါးများကို ပေးအပ်ရာ မြစ်ကြီးနားထောင်အုပ်စုများ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဇင်က လက်ခံသည်။

## ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် မြစ်ကြီးနားမြို့ အကျဉ်းဦးစီးဌာနသို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဇင်က ကချင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကိုမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် မြစ်ကြီးနားအကျဉ်းထောင်သို့ သွားရောက်၍ အကျဉ်းထောင်အခြေအနေကို လည်းကောင်း၊ အကျဉ်းသားများအားလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ၁၉ရက်တွင် ဝိုင်းမော်မြို့နယ် ဆဒုံးမြို့သို့ ရောက်ရှိကြပြီး ဆဒုံးမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

## ရင်းနှီးစွာနှုတ်ဆက်

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားပြီး ဒေသခံတိုင်းရင်းသားများအား ရင်းနှီးစွာနှုတ်ဆက်သည်။

ထို့နောက် ဆဒုံးမြို့၌ တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများက လုပ်ငန်းအခြေအနေများကို တင်ပြကြပြီး ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြား ဆောင်ရွက်ပေးပြီး ဝန်ထမ်းများအား ဆေးပစ္စည်းများနှင့် ငွေများကို ပေးအပ်သည်။ **(သတင်းစဉ်)**



# ရွှေမိုးသည်းဇာတ်ကား ဆက်လက်ပြသ လွမ်းအောင်ရယ်တတ်သူ မကြာမီရုံဝင်မည်

**ရုပ်ရှင်သတင်းထောက်**

**ရန်ကုန် နိုဝင်ဘာ ၂၃**

လူငယ်ဒါရိုက်တာ ဓာတ်ပုံအဏ်ထော်ဏီ၏ **ရွှေမိုးသည်း** ဇာတ်ကားမှာ ရန်ကုန်တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင်လည်းကောင်း၊ မန္တလေးတွင် ဝင်းလိုက်နှင့် မြို့မရုံများတွင်လည်းကောင်း ဆက်လက်အရှိန်အဟုန်ကောင်းနေဆဲဖြစ်သည်။

ရှေ့ဆောင်ရုံတွင် X Men (3) The Last Standနှင့်နေပြည်တော်ရုံတွင် Mission Impossible III MI3 ဇာတ်ကားများဆက်လက်ပြသနေဆဲဖြစ်သည်။

ဒါရိုက်တာမောင်ဝဏ္ဏ၏ **လွမ်းအောင်ရယ်တတ်သူ**ဇာတ်ကားမှာ ဒီဇင်ဘာ ၈ ရက်တွင် သမ္မတ၊ သွင်နှင့်မင်္ဂလာရုံများတွင် ရုံဝင်လာမည်ဖြစ်သည်။ ဂီတအနုပညာသမားတစ်ဦး၏ ဘဝအမောကိုဇာတ်လမ်းဆင်ရိုက်ကူးထားသော မေတ္တာဘွဲ့ဇာတ်လမ်းဖြစ်သည်။

**လွမ်းအောင် ရယ်တတ်သူ** တွင် ကျော်ရဲအောင်၊ မေသဥ္ဇာဦး၊ ပြေဇင်၊ သက်မွန်မြင့်၊ ညိုမင်းလွင်၊ ကိုရူပနှင့် ဗေလုဝတို့ခေါင်းဆောင်ပါဝင်ထားသည်။

မြို့လယ်ဆုထူးပန်ရုံတွင် မင်းသားကြီး အမ္ဗရစ်ပူရီ၊ မင်းသားချော အာရှေးဒေဗ်ဂန်နှင့် မင်းသမီးချော တွင်ကယ်ခန်နာတို့ပါဝင်ထားသည့် Jaanဇာတ်ကားရုံဝင်လာသည်။ ဘုရင်ရုံတွင် နာမည်ကြီးမင်းသား ရှာရွတ်ခန်းခေါင်းဆောင် ပါဝင်ထားသော Armyပြသလျက်ရှိသည်။ မြို့မရုံတွင် မင်းသားဘော်ဘီဒိုးလ်၊ အာရှေးခန်းနားနှင့် မင်းသမီးချောအမီရှာပတေးလ်တို့ခေါင်းဆောင်ပါဝင်ထားသော Humraaz ဇာတ်ကား တင်ဆက်လျက်ရှိသည်။

ရွှေဂုန်ရုံ မြေညီထပ်တွင် အတ္တလူမိုက်အမည်ရ Takkarရုံဝင်လာသည်။ ယင်းဇာတ်ကားတွင် စူနီးလ်ရှက်တီး၊ နာဆာရူဒင်နှင့် ဆိုနလီဘင်ဒရီတို့ ခေါင်းဆောင်ပါဝင်ထားသည်။ ရွှေဂုန်ရုံအပေါ်ထပ်တွင် အက်ရှင်မင်းသား ဗန်ဒိန်း အထူးပါဝင်ထားသော Universal Soldierဇာတ်ကားဖြင့် ဖျော်ဖြေ တင်ဆက်လျက်ရှိသည်။



**ရွှေမိုးသည်းဇာတ်ကားမှ ရန်အောင်နှင့် စိုးမြတ်နန္ဒာ။**

နဝဒေးရုံတွင် ဒါရိုက်တာကျော်သူ ရိုက်ကူးပြီး ကျော်သူ၊ ရဲအောင်၊ ကျော်ရဲအောင်၊ မင်းဦး၊ တင့်တင့်ထွန်းနှင့် ပွင့်နဒီမောင်တို့ ပါဝင်ထားသော **ဇာတ်ကြမ်း**အမည်ရ အက်ရှင်အဆင့်မြင့် မြန်မာဗီဒီယိုဇာတ်ကား ရုံဝင်လာသည်။

ဒါရိုက်တာ ဟိန်းစိုး၏ **ယောက်မရေသူငယ်ချင်း** ဇာတ်ကားမှာ စံပြ၊ ရွှေမန်း၊ သီတာ၊ မဟာမြိုင်ရုံများတွင် ရုံဝင်လာမည်ဖြစ်သည်။ ယင်းဇာတ်ကားတွင် ကျော်သူ၊ ရန်အောင်၊ နေတိုး၊ မို့မို့မြင့်အောင်၊ မေသန်းနုနှင့် စိုးမြတ်သူဇာတို့ပါဝင် သရုပ်ဆောင်ထားသည်။ ။

**(မြန်မာ့အလင်း)**



လွမ်းအောင်ရယ်တတ်သူမှ ပြေဇင်နှင့် သက်မွန်မြင့်။

# ကမ္ဘာတစ်လွှား အားကစား

## စီးရီးအေ၌ ကစားနေသော ကာဖူး မိခင်နိုင်ငံပြန်ရန်စဉ်းစားနေ

ရေးသားတင်ပြသူ- မြင့်မောင်စိုး

ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၂၃

ဘရာဇီး အသင်းခေါင်းဆောင် ကာဖူးသည် အီတလီလိဂ်အသင်းဖြစ်သော မီလန်အသင်း၌ ကစားလျက်ရှိရာ လက်ရှိ စာချုပ် ၂၀၀၇ ခုနှစ် ဇွန်လတွင် ကုန်ဆုံးပြီးနောက် ဘရာဇီးသို့ပြန်ရန် စဉ်းစားထားကြောင်း ၎င်းက မီဒီယာများသို့ ပြောကြားလိုက်သည်။



ဘရာဇီး ကစားသမား ကာဖူး။ (ဓာတ်ပုံ-အင်တာနက်)

### ဆုံးဖြတ်ချက်ချမည်

မိမိသည်ဘာလုပ်ရမည်ကို စဉ်းစားနေကြောင်း၊ မိမိ၏ မိသားစုနှင့်အတူ ဆွေးနွေးနေကြောင်း၊ လာမည့်ဇန်နဝါရီလတွင် မိမိ၏အနာဂတ်နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချနိုင်လိမ့်မည်ဖြစ်ကြောင်း ကာဖူးကပြောကြားသည်။

### ပြောင်းရွှေ့ခဲ့

မိမိအား အခြားအီတလီအသင်းတစ်သင်းမှ လည်းကောင်း၊ ဥရောပကလပ်များမှ လည်းကောင်း၊ ဘရာဇီးကလပ်အသင်းတစ်ခုမှလည်းကောင်း ကမ်းလှမ်းထားမှုများကို လက်ခံထားပြီဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ကာဖူးသည် အီတလီနိုင်ငံ၌ ကစားနေသည်မှာ ၁၀နှစ်ပင် ရှိသွားပြီဖြစ်သည်။ ၎င်းသည် ပထမရိုးမားတွင် ကစားခဲ့ပြီး ယင်းမှ မီလန်အသင်းသို့ ပြောင်းရွှေ့ခဲ့သည်။

မိမိ အနေဖြင့် ကျန်းမာရေးမကောင်းသည့် မိဘများအတွက်အချိန်ပိုပေးလိုကြောင်းလည်း ၎င်းကဆိုသည်။

ကာဖူးသည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများတွင် သက်တမ်းအကြာဆုံး ကစားခဲ့သူဖြစ်သည်။ ၁၉၉၄ ခုနှစ်က အမေရိကန်၌ ကျင်းပသော ကမ္ဘာ့ဖလားတွင်လည်းကောင်း၊ ၁၉၉၈ ခုနှစ် ပြင်သစ်ကမ္ဘာ့ဖလားတွင်လည်းကောင်း၊ ၂၀၀၂ ခုနှစ်က ကိုရီးယား-ဂျပန် ပူးတွဲအိမ်ရှင်ကမ္ဘာ့ဖလားတွင်လည်းကောင်း၊ ၂၀၀၆ ခုနှစ် ဂျာမနီကမ္ဘာ့ဖလားတွင်လည်းကောင်း ပါဝင်ကစားခဲ့သူဖြစ်သည်။ **(အင်တာနက်)**

## ဆဲလ်တစ်က မန်ယူကိုအောင်နိုင်ခဲ့မှုအပေါ် နည်းပြစထရာချန်တစိမ့်စိမ့်ခံစားပြောကြား

လန်ဒန် နိုဝင်ဘာ ၂၃

မန်ယူနှင့်ဆဲလ်တစ်အသင်းတို့သည် ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် နိုဝင်ဘာ ၂၁ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ဆဲလ်တစ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဆဲလ်တစ်အသင်းကမန်ယူကို အိမ်ကွင်း၌ အောင်နိုင်ခဲ့ခြင်းကို ကျေနပ်မိကြောင်း၊ ရှုံးထွက်အဆင့်ထွက်ရမည့် အနေအထားမှ သက်သာရာ ရရှိသွားကြောင်း ဆဲလ်တစ်နည်းပြ ဂေါ်ဒွန်စထရာချန်က ပြောကြားသည်။


ဆဲလ်တစ်နည်းပြစထရာချန်နှင့် မန်ယူနည်းပြ ဖာဂူဆန်။ (ဓာတ်ပုံ-အင်တာနက်)

### တစိမ့်စိမ့်ခံစား

ယင်းအောင်မြင်မှုအတွက် မယုံကြည်နိုင်လောက်အောင်ဖြစ်ရကြောင်း၊ မိမိအနေဖြင့်အနိုင်ဂိုးသွင်းသူ နာကာမူရာကိုလည်း ချီးကျူးကြောင်း၊ နာကာမူရာသည် အလွတ်တည်ကန်ဘော ကန်သွင်းရာတွင် ကမ္ဘာတွင်ထိပ်တန်းကျွမ်းကျင်သူဖြစ်လာကြောင်း စထရာချန်က မန်ယူကိုအောင်နိုင်မှုအပေါ်တစိမ့်စိမ့်ခံစားရင်း ပြောကြားသည်။

### ကာကွယ်ပေးခဲ့

မိမိ၏ဆဲလ်တစ်အသင်းသည် မန်ယူကိုအောင်နိုင်ခဲ့၍ လုံလောက်သော အောင်မြင်မှုကိုရရှိခဲ့ကြောင်း၊ ဆဲလ်တစ်အသင်းခေါင်းဆောင် လီနွန်သည်လည်း အကောင်းဆုံးကစားခဲ့ကြောင်း၊ဂိုးသမားအာတာဂိုရသည် တိုက်စစ်မှူးဆာဟာ၏ ပယ်နယ်တီကို ကာကွယ်ပေးခဲ့ကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

## တင်းနစ်သမိုင်းတွင် ဖက်ဒဲယားသည် အတော်ဆုံးဖြစ် ကမ္ဘာကျော်ဘောလုံးသမား မာရာဒိုနာပြောကြား

ဘူနို့စ်အဲစ် နိုဝင်ဘာ ၂၃

ဆွစ်ဇာလန်နိုင်ငံသား ရော်ဂျာဖက်ဒဲယားသည် ယခုအချိန်အထိ တင်းနစ်အားကစားသမိုင်းတွင် အကောင်းဆုံး၊ အတော်ဆုံး တင်းနစ်ကစားသမား ဖြစ်ကြောင်း အာဂျင်တီးနား နာမည်ကျော်ဘောလုံးသမားဟောင်း မာရာဒိုနာက ပြောကြားလိုက်သည်။


ရော်ဂျာဖက်ဒဲယားအား ရှန်ဟိုင်း မာစတာဖလားနှင့်အတူ ဤသို့ ပြုံးရွှင်စွာတွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

### ဆုဖလားဆွတ်ခူး

ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားသည် မကြာမီက ရှန်ဟိုင်းမာစတာဖလား တင်းနစ်ပြိုင်ပွဲတွင်လည်း ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

### ဝါသနာကြီးသူ

ဖက်ဒဲယားသည် အဆိုပါ မာစတာဖလားကို လေးနှစ်အတွင်း တတိယကြိမ်မြောက်အဖြစ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ အာဂျင်တီးနား နာမည်ကျော် ဘောလုံးသမားဟောင်း မာရာဒိုနာသည် ဘောလုံးတွင် ထူးချွန်ခဲ့သူဖြစ်သော်လည်း တင်းနစ်ကစားခြင်း ဝါသနာကြီးသူတစ်ဦးဖြစ်သည်။ ၎င်းသည် ဒီဇင်ဘာလတွင် ရုရှားနိုင်ငံ၌ ကျင်းပမည့် ရုရှား-အာဂျင်တီးနား ဒေးဗစ်ဖလား တင်းနစ်ဗိုလ်လုပွဲသို့ သွားရောက်ကြည့်ရှုအားပေးမည်ဖြစ်ကြောင်း ၎င်းက မီဒီယာများသို့ ပြောကြားသည်။ **(အင်တာနက်)**

## လီဗာပူးတို့ နိုင်ပွဲရ၊ ချယ်လ်ဆီးတို့ ရှုံးပွဲကြုံ ဘာစီလိုနာတို့လည်း အောင်ပွဲဆင်နိုင်ခဲ့သည့် ချန်ပီယံလိဂ်

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ဘာလင် နိုဝင်ဘာ ၂၃

**ချန်ပီယံလိဂ်ဘောလုံးပွဲစဉ်(၅)ကို နိုဝင်ဘာ ၂၂ ရက်က ဆက်လက်ကစားရာ ဝါဒါဘရီမင်က ချယ်လ်ဆီးကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး လီဗာပူးကလည်း ပီအက်စ်ဗွီကို နှစ်ဂိုးပြတ် အနိုင်ရရှိကာ ဘာစီလိုနာတို့က ဆိုဖီယာကို နှစ်ဂိုး-ဂိုးမရှိဖြင့် အောင်ပွဲဆင်နိုင်ခဲ့ကြသည်။**

ထိုးဖောက်

**ဝါဒါဘရီမင်နှင့် ချယ်လ်ဆီးတို့ပွဲတွင် ချယ်ဆီးမှ မိုက်ကယ် ဘောလက်** (လယ်) **ထိုးဖောက်ဂိုးသွင်းရန် ကြိုးစားစဉ်။** (ဓာတ်ပုံ-အင်တာနက်)



### ဝါဒါဘရီမင်နှင့် ချယ်လ်ဆီး

ချန်ပီယံလိဂ်အုပ်စု(က)မှချယ်လ်ဆီးတို့ယခုပွဲ ရှုံးခဲ့သဖြင့် ဝါဒါဘရီမင်နှင့် ရမှတ်တူသွားပြီ ဖြစ်သော်လည်း ဂိုးကွာခြားချက်ဖြင့် အုပ်စု(က)တွင် ထိပ်ဆုံး၌ ရပ်တည်လျက်ရှိနေဆဲဖြစ်သည်။ မော်ရင်ဟိုသည် ရှက်ဗ်ချင်ကို၊



လမ်းပတ်နှင့် ရော်ဘင်တို့ကို ပထမပိုင်း ထုတ်မသုံးဘဲ တိုက်စစ်တွင် ဒရော့ဘာ၊ ဂျွန်အိုဘီမီကယ်၊ မက်ခါလီလီ၊ ဂျိုကိုးလ်၊ အက်ဆီယန်တို့ကို ထည့်သွင်းကစားခဲ့သည်။

ဝါဒါဘရီမင်တို့ အိမ်ကွင်း၌ ဖိဖိစီးစီးကစားခဲ့ရာတိုက်စစ်မှူးများဖြစ်သည့် ကလိုဆေးနှင့်အယ်မီဒါတို့ကချယ်လ်ဆီးနောက်တန်းကို ထိုးဖောက်ကစားခဲ့မှုကြောင့် ပထမပိုင်းပွဲချိန် ၂၆ မိနစ်မှာပင် မာတက်စကာက ဝါဒါဘရီမင်အတွက် အဖွင့်ဂိုးနှင့် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။

ချယ်လ်ဆီးတို့၏ ချေပဂိုးရရှိရေး ဒုတိယပိုင်းတွင် ဒရော့ဂ်ာအစား ရှက်ဗ်ချင်ကို၊ မီကယ်လ်အစား ရော်ဘင်၊ မိုက်ကယ်ဘောလက်အစားရိုက်ဖီးလစ်တို့ အစားထိုး ကစားခဲ့သော်လည်း ချေပဂိုးမသွင်းနိုင်ဘဲ တစ်ဂိုး-ဂိုးမရှိ ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

### လီဗာပူးနှင့် ပီအက်စ်ဗွီ

ချန်ပီယံလိဂ်အုပ်စု(ဂ)တွင် လီဗာပူးတို့ နိုင်ပွဲရခဲ့သဖြင့် အုပ်စုထိပ်ဆုံး၌ ရပ်တည်နေပြီဖြစ်သည်။ပီတာခရော့ချ်နှင့် ဒက်ကွတ် တိုက်စစ်အတွဲကို ပွဲထုတ်လာသော လီဗာပူးသည် ပီအက်စ်ဗွီကို ပထမပိုင်း ပွဲချိန်၌ ဂိုးမသွင်းနိုင်ခဲ့ချေ။ ပီအက်စ်ဗွီတိုက်စစ်မှူးများ၏ ကန်သွင်းချက်များကို လီဗာပူးဂိုးသမား ဂျို့ရေးနား ကာကွယ်နိုင်မှုကြောင့်လည်း သက်သာခဲ့ရခြင်းဖြစ်သည်။ လီဗာပူးအတွက် ဂိုးများကို ပွဲချိန် ၆၅မိနစ်၌ စတီဗင်ဂျရတ်နှင့်ပွဲချိန် ၈၉မိနစ်တွင် ပီတာခရော့ချ်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။လီဗာပူးတို့ယခုပွဲအနိုင်ရရှိခဲ့သဖြင့် အုပ်စု(ဂ)တွင်ချန်ပီယံလိဂ် နောက်တစ်ဆင့်တက်ရန် သေချာသွားပြီးဖြစ်သည်။

### ဆိုဖီယာနှင့် ဘာစီလိုနာ

အုပ်စု(က)မှ ဘာစီလိုနာတို့ ထိုက်ထိုက်တန်တန် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဂတ်ဂျွန်ဆင်နှင့် ရော်နယ်ဒင်ဟိုတို့ ဦးဆောင်သောတိုက်စစ်သည်ဆိုဖီယာ နောက်တန်းကို မနားတမ်းမွှေနှောက်ကစားနိုင်ခဲ့ရာ ပွဲအစ ၅မိနစ်မှာပင် ဘာစီလိုနာ ကွင်းလယ်ကစားသမား ဂူလီက အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဆိုဖီယာတို့ အိမ်ကွင်း၌ ချေပဂိုးရရှိရေးအပြင်းအထန်ကြိုးစားသော်လည်း ဇမ်ဘရော့တာ ဦးဆောင်သည့် ဘာစီလိုနာ နောက်တန်းကို ထိထိရောက်ရောက် မကျော်လွှားနိုင်သဖြင့် ဂိုးမသွင်းနိုင်ဘဲဖြစ်ခဲ့ရသည်။ ဘာစီလိုနာအတွက် ဒုတိယဂိုးကိုပွဲချိန် ၆၄ မိနစ်၌ ကွင်းလယ်ကစားသမား အင်ဒရက်စ် အီနေစတာက သွင်းယူပေးခဲ့သဖြင့် ဘာစီလိုနာတို့ နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာတို့ ယခုပွဲ အနိုင်ရရှိသော်လည်း ငါးပွဲကစား နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ရှစ်မှတ်ရကာ အုပ်စု(က)၌ တတိယနေရာရှိပြီးနောက် တစ်ဆင့်တက်ရန်အခွင့်အရေးနည်းနေသည်။

**ဆိုဖီယာနှင့် ဘာစီလိုနာတို့ပွဲတွင် ဘာစီလိုနာတိုက်စစ်မှူး ရော်နယ်ဒင်ဟို** (ဝဲ) **ထိုးဖောက်မှုကို ဤသို့ တွေ့ရသည်။** (ဓာတ်ပုံ-အင်တာနက်)

### အခြားပွဲရလဒ်များ

| | | |
|---|---|---|
| စပါးတပ်မော်စကို | ၂ - ၂ | ဘိုင်ယန်မြူးနစ် |
| ရှက်တာဒိုးနက် | ၁ - ၀ | ရိုးမား |
| အင်တာမီလန် | ၁ - ၀ | စပို့တင်းလစ္စဘွန်း |
| ဗလင်စီယာ | ၂ - ၀ | အိုလံပီယာကော့စ်။ |

(အင်တာနက်)



**လီဗာပူးနှင့် ပီအက်စ်ဗွီတို့ပွဲတွင် လီဗာပူးမှ စတီဗင်ဂျရတ်** (ဝဲ) **ဘောလုံး သယ်ယူစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# မကွေးတိုင်း၊ တောင်တွင်းကြီးမြို့ ငှက်ပစ်တောင်တောရကျောင်းတိုက်မှ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တတိလောကဉာဏ (အဂ္ဂမဟာပဏ္ဍိတ)

## ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် မကွေးတိုင်း၊ တောင်တွင်းကြီးမြို့နယ်၊ ပန်းသွင်းကြီးကျေးရွာအုပ်စု၊ ငွေးကုန်းကျေးရွာ၊ ခမည်းတော် ဦးပြား၊ မယ်တော် ဒေါ်ဂွမ်းပုံတို့မှ ၁၂၈၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက် (စနေနေ့) နံနက် ၈ နာရီတွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၃၀၀ ပြည့်နှစ်တွင် ငွေးကုန်းရွာ စမ်းချောင်း ဆရာတော် ဘဒ္ဒန္တမေဓာဝီကိုဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာ နုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၈ ခုနှစ် တန်ခူးလပြည့်ကျော် ၂ ရက် နံနက် ၈း၁၅ နာရီတွင် ငှက်ပစ်တောင်ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဉာဏမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ သီရိမင်္ဂလာတိုက်သစ် ခဏ္ဍာသိမ်၌ဦးတင်မောင်–ဒေါ်စံရှားတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၀ နှစ်သားအရွယ်တွင် ငွေးကုန်းရွာ စမ်းချောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမေဓာဝီထံ၌ လောကီ၊ လောကုတ္တရာ အခြေခံကျမ်းစာများကိုသင်ယူခဲ့ပြီး ငှက်ပစ်တောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏ၊ ခင်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍဝ၊ အာသောကာရုံကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တခေမိန္ဒ၊ ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇနိယ စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေကျမ်းဂန်များကို သင်ယူခဲ့ပြီး ဓမ္မာစရိယစာမေးပွဲကို အောင်မြင်တော်မူခဲ့ပါသည်။

### စာပေပို့ချခြင်းနှင့်သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ဇောတိကာရုံပါဠိ တက္ကသိုလ်ကျောင်းတိုက်၌ ရှစ်နှစ်တိုင်တိုင် ပရိယတ္တိစာပေးများပို့ချခဲ့ပြီး တောင်တွင်းကြီးမြို့ ငှက်ပစ်တောင်ကျောင်းတိုက်၌ တပည့်ရဟန်းသာမဏေ တို့အား ပရိယတ္တိစာပေများ သင်ကြားပို့ချ၍လည်းကောင်း၊ တောင်တွင်းကြီးမြို့နယ်ရှိ တန်ခိုးကြီးစေတီတော်များ၏ဂေါပကအဖွဲ့ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူ၍လည်းကောင်း၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အကျိုးတော်ဆောင်၊ နိုင်ငံတော်ဩဝါဒါစရိယ အဖြစ်တို့ဖြင့် သာသနာရေး တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာအကျိုးသယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ၊ သိက္ခာကာမ စသော ဂုဏ်တို့နှင့်ပြည့်စုံတော်မူသော ဆရာတော်ကြီးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက (၁၃၅၈ ခုနှစ်) ၁၉၉၇ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၈၀)ပြည့်၊ သိက္ခာတော်(၆၀)ဝါအရ (၁၃၆၈ ခုနှစ် နတ်တော်လဆန်း ၃ ရက်)၂၀၀၆ ခုနှစ် နိုဝင်ဘာ ၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ဝဝ နာရီ ၃၀ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။

# နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တတိလောကဉာဏ ပျံလွန်တော်မူ

**ရန်ကုန် နိုဝင်ဘာ ၂၃**

နိုင်ငံတော်ဩဝါဒါစရိယ မကွေးတိုင်း တောင်တွင်းကြီးမြို့ ငှက်ပစ်တောင်တောရကျောင်းတိုက် ပဓာန နာယက သက်တော်(၈၀)ပြည့် သိက္ခာတော်(၆၀)ဝါရှိ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကဉာဏ သည် နိုဝင်ဘာ ၂၂ ရက် နံနက် ဝဝ နာရီ ၃၀မိနစ်တွင် သီတင်းသုံးတော်မူရာ ငှက်ပစ်တောင်တောရ ကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူသွားကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အခန်း ၁၁ တိုက် ၂ လမ်းသစ်ရိပ်သာ လမ်းမတော်မြို့နယ် ရန်ကုန်မြို့နေ ဦးဉာဏ်ဗိုလ်–ဒေါ်ခင်ထွေး၊ သားဦးသန်းဦး–ဒေါ်ရွှေစင်စိုး၊ သမီး ဒေါ်ချိုချိုလွင်၊ ဒေါ်ငြိမ်းငြိမ်းဝင်း–ဦးတင်ကိုကိုဦး၊ မြေး မဝတီမိုးဦး မိသားစုက အလှူငွေကျပ် ၁၁၀၀၀၀ကို အမှတ် ၄၂ (ပထပ်) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ အလှူငွေလက်ခံဌာန ဦးမျိုးသန့်နေအိမ်၌ ကျောင်းအကျိုးဆောင်ဆရာတော် ဦးဥက္ကဋ္ဌ(မြစ်ကျိုး)၏ ရှေ့မှောက်၌ လှူဒါန်းရာ အမှုဆောင်ဒေါ်ကေသက်မော်က အလှူငွေလက်ခံစဉ်။ (က–ပ)

# တပ်မတော်ရိက္ခာအတွက် စပါးဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ၂၀၀၇–၂၀၀၈ခုနှစ် တပ်မတော်ရိက္ခာအတွက် ဧည့်မထအမျိုးအစား စပါးကို ပြည်နယ်နှင့်တိုင်းအလိုက် တင်ဒါစနစ်ဖြင့် အောက်ပါနေရာများ၌ ဝယ်ယူမည်ဖြစ်ပါသည်–

**(က) ကချင်ပြည်နယ်**
- (၁) ပူတာအို
- (၂) မြစ်ကြီးနား
- (၃) ဝိုင်းမော်
- (၄) နမ္မတီး
- (၅) ဆားမော်
- (၆) ဟိုပင်
- (၇) မိုးညှင်း
- (၈) မိုးမိတ်
- (၉) မဘိမ်း
- (၁၀) ဗန်းမော်
- (၁၁) မြို့သစ်
- (၁၂) ရွှေကူ

**(ခ) ရှမ်းပြည်နယ်(အရှေ့)**
- (၁) ကျိုင်းတုံ
- (၂) မိုင်းပြင်း
- (၃) မိုင်းခတ်
- (၄) မိုင်းယောင်း
- (၅) မိုင်းဖြတ်
- (၆) တာချီလိတ်
- (၇) မိုင်းဆတ်

**(ဂ) မွန်ပြည်နယ်**
- (၁) မော်လမြိုင်
- (၂) သထုံ
- (၃) ပေါင်

**(ဃ) ရန်ကုန်တိုင်း**
- (၁) သန်လျင်
- (၂) ခရမ်း
- (၃) လှည်းကူး
- (၄) တိုက်ကြီး
- (၅) ထန်းတပင်

**(င) ဧရာဝတီတိုင်း**
- (၁) ပုသိမ်
- (၂) မအူပင်
- (၃) ကျိုက်လတ်
- (၄) အိမ်မဲ
- (၅) မြောင်းမြ
- (၆) မော်လမြိုင်ကျွန်း
- (၇) ဓနုဖြူ
- (၈) ကျုံပျော်
- (၉) ဟသ်္ာတ
- (၁၀) မြန်အောင်
- (၁၁) အင်္ဂပူ

**(စ) ရခိုင်ပြည်နယ်**
- (၁) အမ်း
- (၂) ကျောက်တော်
- (၃) ရမ်းဗြဲ
- (၄) မြောက်ဦး
- (၅) မင်းပြား
- (၆) ရသေ့တောင်
- (၇) ပုဏ္ဏားကျွန်း
- (၈) ပေါက်တော
- (၉) ကျောက်ဖြူ
- (၁၀) တောင်ကုတ်

**(ဆ) စစ်ကိုင်းတိုင်း**
- (၁) ရွှေဘို
- (၂) ဝက်လက်
- (၃) ဒီပဲယင်း
- (၄) ရေဦး
- (၅) တန့်ဆည်
- (၆) ခင်ဦး
- (၇) ကန့်ဘလူ
- (၈) ကောလင်း
- (၉) ဝန်းသို
- (၁၀) ကသာ
- (၁၁) ထီးချိုင့်
- (၁၂) ကလေး

**(ဇ) မကွေးတိုင်း။** ဂန့်ဂေါ

**(ဈ) မန္တလေးတိုင်း**
- (၁) တပ်ကုန်း
- (၂) ပျဉ်းမနား
- (၃) လယ်ဝေး

**(ည) ပဲခူးတိုင်း(အရှေ့)**
- (၁) ရေတာရှည်
- (၂) တောင်ငူ
- (၃) အုတ်တွင်း
- (၄) ဖြူး
- (၅) ကျောက်တံခါး
- (၆) ညောင်လေးပင်
- (၇) ဒိုက်ဦး

**(ဋ) ပဲခူးတိုင်း(အနောက်)**
- (၁) ပြည်
- (၂) ရွှေတောင်
- (၃) နတ်တလင်း
- (၄) ဇီးကုန်း
- (၅) ကြို့ပင်ကောက်
- (၆) မင်းလှ
- (၇) လက်ပံတန်း
- (၈) သာယာဝတီ

၂။ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(အရှေ့)တို့တွင် ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ ဝယ်ယူမည်ဖြစ်ပြီး ကျန်ပြည်နယ်နှင့်တိုင်းများတွင် ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ဝယ်ယူမည်ဖြစ်ပါသည်။

၃။ ပေးသွင်းရမည့် စပါးအရေအတွက်၊ စပါးအရည်အသွေး သတ်မှတ်ချက်၊ ပေးသွင်းရမည့်နေရာ၊ ပေးသွင်းရမည့်ကာလ စသည့်အသေးစိတ်အချက်အလက်များနှင့် တင်ဒါပုံစံတို့အား အထက်ပါနေရာများရှိ တိုင်းစစ်ဌာနချုပ်များ၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး တပ်ရင်းများနှင့် တပ်ရင်း၊တပ်ဖွဲ့များတွင် စုံစမ်းနိုင်ပါသည်။

၄။ ကိုယ်တိုင်စပါးစိုက်ပျိုးထုတ်လုပ်ပြီး တစ်ဦးချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း စပါး တင်း(၁၀၀)နှင့်အထက် ရောင်းချပေးသွင်းနိုင်သည့် တောင်သူများအနေဖြင့် အထက်ပါနေရာများ၌ ဧည့်မထအမျိုးအစားစပါးကို ဒေသန္တရဈေးနှုန်းအရ လက်ငင်းငွေပေးချေသည့်စနစ်ဖြင့် ရောင်းချပေးသွင်းနိုင်ပါသည်။

**စစ်ထောက်ချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။**


**အမွေပြတ်စွန့်**

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ မောင်နန္ဒကျော်အေး ၉/အမဇ(နိုင်) ၀၁၁၂၃၈ သည် မိဘများ ခွင့်မလွှတ်နိုင်သည့်ကိစ္စကို ၎င်း၏ သဘောဆန္ဒအလျောက်ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိဘ–ဦးကျော်အေး–ဒေါ်မျိုးအေးအေးတင့်။

**မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းက**

၂၀၀၆ခုနှစ် နိုဝင်ဘာ ၂၅ရက်နှင့် ၂၆ရက်များတွင် ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ကျင်းပရန် စီစဉ်ထားသော

**မြန်မာ့လက်ဖက်ရည်ပြိုင်ပွဲအား**

ရက်ရွှေ့ဆိုင်းလိုက်ပါသည်။

ကျင်းပမည့်နေ့ရက်ကို ထပ်မံကြေညာပါမည်။





**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် မောင်အေးလွင်၏ နိုင်ငံကူးလက်မှတ် PP(No)၇၂၅၆၂၂ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ C/O,052,22222.

# (၁၅)ကြိမ်မြောက် ဒိုဟာ အာရှအားကစားပြိုင်ပွဲ မြန်မာဝူရှူးအဖွဲ့ ရွှေတံဆိပ်သုံးခုအတွက် ယှဉ်ပြိုင်ရမည်

**သတင်းမှတ်စု-ကိုထွေး**

ရန်ကုန် နိုဝင်ဘာ ၂၃

**(၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၁ရက်မှ ၁၅ရက်အထိ ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပမည်ဖြစ်ရာ မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားအဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားသမားလေးဦးသည် ရွှေတံဆိပ်သုံးခု ရည်မှန်း၍ ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။**

## တာဝန်ယူဆောင်ရွက်

(၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဝူရှူးအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဒေါက်တာ စိုင်းဆမ်ထွန်း(ဥက္ကဋ္ဌ၊ ဝူရှူးအဖွဲ့ချုပ်)၊ ဒိုင်လူကြီးအဖြစ် ဦးခွန်ဂျာအောင် (အတွင်းရေးမှူး၊ ဝူရှူးအဖွဲ့ချုပ်)၊ အုပ်ချုပ်သူအဖြစ် ဦးအေးချိုတူး (တွဲဖက်အတွင်းရေးမှူး၊ ဝူရှူးအဖွဲ့ချုပ်)၊ နည်းပြအဖြစ် Miss Wang Ju (တရုတ်)တို့က တာဝန်ယူ ဆောင်ရွက်ကြမည်ဖြစ်သည်။

အားကစားသမားများအဖြစ် (အမျိုးသား) အောင်စည်သူ၊ မျိုးမင်းစိုးနှင့် စိုးဝင်းသိန်း၊ (အမျိုးသမီး) ဟန်နီကိုကိုတို့ပါဝင်ကြသည်။ ဝူရှူးအားကစားပွဲစဉ်များအနက် ချန်းချွမ် (တုတ်သိုင်း၊ လက်သိုင်း၊ ဓားမောက်သိုင်း) ပွဲစဉ်များ၌ အောင်စည်သူကလည်းကောင်း၊ ထိုက်ချိချွမ်နှင့် ထိုက်ချိကျန့် ပွဲစဉ်များ၌ မျိုးမင်းစိုး၊ စိုးဝင်းသိန်းနှင့် ဟန်နီကိုကိုတို့ကလည်းကောင်း ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

## ရွှေတံဆိပ်သုံးခု

အောင်စည်သူ ယှဉ်ပြိုင်မည့် အမျိုးသား ချန်းချွမ်ပွဲစဉ်သုံးမျိုးအတွက် ရွှေတံဆိပ်တစ်ခု၊ မျိုးမင်းစိုးနှင့် စိုးဝင်းသိန်းတို့ယှဉ်ပြိုင်မည့် အမျိုးသားထိုက်ချိချွမ်နှင့် ထိုက်ချိကျန့် ပွဲစဉ်အတွက် ရွှေတံဆိပ်တစ်ခု၊ ဟန်နီကိုကို ယှဉ်ပြိုင်မည့် အမျိုးသမီး ထိုက်ချိချွမ်နှင့် ထိုက်ချိကျန့် ပွဲစဉ်အတွက် ရွှေတံဆိပ်တစ်ခု ချိမြှင့်မည် ဖြစ်သည်။ သို့ဖြစ်ရာ မြန်မာ့လက်ရွေးစင် ဝူရှူးအဖွဲ့ အနေဖြင့် ရွှေတံဆိပ်သုံးခုအတွက် ယှဉ်ပြိုင်ရမည် ဖြစ်သည်။

(၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝူရှူးပွဲစဉ်များကို ဒီဇင်ဘာ ၁၁ရက်၊ ၁၂ရက်၊ ၁၃ရက်နှင့်၁၄ရက်များတွင် ဒိုဟာမြို့၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

## စခန်းသွင်းလေ့ကျင့်

(၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်သည် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလမှ စတင်ကာ အားကစားသမားလေးဦးကို စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ပေးခဲ့သည်။ စက်တင်ဘာလ၌ လက်ရွေးစင်များဖြစ်ကြသည့် အောင်စည်သူ၊ မျိုးမင်းစိုး၊ စိုးဝင်းသိန်းနှင့် ဟန်နီကိုကို တို့ကို တရုတ်နိုင်ငံသို့ စေလွှတ်၍ စခန်းသွင်း လေ့ကျင့်မှုများ ပြုလုပ်ခဲ့ရာ နိုဝင်ဘာ ၁၉ရက်က မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ကြသည်။



(၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားသမားများအား တရုတ်နိုင်ငံမှ အမျိုးသမီးနည်းပြ Miss Wang Ju နှင့်အတူ ပဒုမ္မာ အားကစားကွင်းရှိ အဖွဲ့ချုပ်လေ့ကျင့်ရေးရုံ၌ ဤသို့တွေ့ရသည်။ (ဝူရှူးအဖွဲ့ချုပ်)



(၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားသမား လေးဦး ပဒုမ္မာအားကစားကွင်းရှိ အဖွဲ့ချုပ်လေ့ကျင့်ရေးရုံ၌ ဤသို့ဝတ်စုံပြည့် လေ့ကျင့်လျက်ရှိကြသည်။ (ဝူရှူးအဖွဲ့ချုပ်)

## တွေ့ဆုံမေးမြန်း

မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားသမားများ၏ တိုးတက်မှု အနေအထားနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးခွန်ဂျာအောင်အား မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးခွန်ဂျာအောင်က "မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားသမားလေးဦး တရုတ်နိုင်ငံသို့ ရောက်ရှိချိန်တွင် စင်ကာပူ ဝူရှူးအဖွဲ့ ကြိုတင်ရောက်ရှိနေကြောင်း၊ စင်ကာပူ အားကစားသမားများနှင့် ယှဉ်လျှင် မိမိတို့အားကစားသမားများက သာသည် ဟုပြောနိုင်ကြောင်း၊ တရုတ် အမျိုးသမီးနည်းပြက မိမိတို့ အားကစားသမားများ တိုးတက်လာမှုမှာ အလွန်အားရကျေနပ်စရာကောင်းသည်ဟု ပြောကြောင်း၊ တရုတ်နိုင်ငံမှ အမျိုးသမီးနည်းပြကို တရုတ်နိုင်ငံရောက်ရှိချိန်၌ ကာလတိုငှားရမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ဝူရှူးအားကစားနည်း၏ နည်းစနစ်ဥပဒေများ ယမန်နှစ်က စတင်ပြောင်းလဲလိုက်သည့်အတွက် နည်းဥပဒေအပိုင်း၌ အားလုံးတူညီသည့် အခွင့်အရေးရရှိမှာ ဖြစ်ကြောင်း၊ မိမိတို့ ကြိုးစားလျှင်ကြိုးစားသလောက် အောင်မြင်နိုင်မှာ ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲ၌ တရုတ်နိုင်ငံမှ အားကစားသမားများကို အဓိက ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဗီယက်နမ်၊ စင်ကာပူ၊ ဟောင်ကောင်နှင့် မလေးရှားနိုင်ငံတို့ကိုလည်း လျှော့တွက်၍ မရကြောင်း၊ ပြိုင်ပွဲဝင် ၁၇နိုင်ငံခန့် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု သိရကြောင်း၊ ပြိုင်ပွဲဝင် အားကစားသမား အရေအတွက် အတိအကျမသိရှိရသေးကြောင်း၊ ရွှေတံဆိပ် ရရှိရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ရမည့် အနေအထား ဖြစ်ပါကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

## ဆွတ်ခူးရယူ

မြန်မာနိုင်ငံ ဝူရှူးအားကစားအဖွဲ့ချုပ်သည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အာရှအားကစားပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် ရွှေတံဆိပ်ဆုများ ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။ (၁၄)ကြိမ်မြောက် ဘူဆန် အာရှအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ခိုင်ခိုင်မော်က ရွှေတံဆိပ်တစ်ခု၊ ဆွေဆွေသန့်က ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သည်။

## လေ့ကျင့်

(၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားသမားများသည် တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာပြီးနောက် ယခုအခါ တရုတ်နိုင်ငံမှ အမျိုးသမီးနည်းပြနှင့်အတူ စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းရှိ ဝူရှူးအဖွဲ့ချုပ် လေ့ကျင့်ရေးရုံ၌ လေ့ကျင့်လျက်ရှိကြသည်။

## ထွက်ခွာကြမည်

မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားအဖွဲ့သည် ဒီဇင်ဘာ ၇ရက်တွင် လေကြောင်းခရီးဖြင့် ကာတာနိုင်ငံ ဒိုဟာမြို့သို့ ထွက်ခွာသွားကြမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

# ဖြူးမြို့နယ် ကျန်းမာရေးဦးစီးဌာနကြီးမှူး လူထုကျန်းမာရေး လုပ်သားသင်တန်းဖွင့်

**ဖြူး နိုဝင်ဘာ ၁၃**

ပဲခူးတိုင်း ဖြူးမြို့နယ်ကျန်းမာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော လူထုကျန်းမာရေးလုပ်သား သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက ဖြူးမြို့ ပြည်သူ့ဆေးရုံသင်တန်းခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြသောင်းနှင့် ဖိတ်ကြားထားသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးမြသောင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အတွင်းရေးမှူး ဦးမြသောင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြသောင်းတို့က အမှာစကားပြောကြားကြသည်။ သင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၁၁ရက်မှစတင်၍ ရက်သတ္တသုံးပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ (၂၈၄)



**ကွမ်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သာသနာပြုကျောင်းလမ်း ကတ္တရာခင်းခြင်းကို အငယ်တန်းအင်ဂျင်နီယာ (၂) ဦးတင်မျိုးထွန်းနှင့်အဖွဲ့ အောက်တိုဘာ ၂၃ရက်က ဆောင်ရွက်လျက်ရှိရာသို့ အမှုဆောင်အရာရှိ ဦးဝင်းနိုင် ကြီးကြပ်ပေးစဉ်။** (မြို့နယ်စည်ပင်)

# ဆည်ကြီးတံတား ပြုပြင်တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်

**ရေဦး နိုဝင်ဘာ ၅**

ရေဦးမြို့နယ် ဖိန့်ဇွန်းအုပ်စု ရေဦး-ညောင်လှ-မရကန် ကျေးလက်လမ်းရှိ ရေဦး-ဆည်ကြီးလမ်းအပိုင်း ကျောက်ချောခင်းရန်အတွက် ကျောက်များစုဆောင်းထားရှိမှုနှင့် ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်မည့် ဆည်ကြီးတံတားပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို အောက်တိုဘာ ၃၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ထွန်းနှင့် ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(မြို့နယ် စည်ပင်)**


**သက်တမ်းရှည်ကြာ သက်ရှိရတနာ ပင်လယ်လိပ်မျိုးထိန်းသိမ်းပါ**




**ပင်လယ်လိပ်မျိုးထိန်းသိမ်းရေးနှစ် (၂၀၀၆) ခုနှစ်**

**Year of the Turtle 2006**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန် ခေါင်းဆောင်သော ချစ်ကြည်ရေးအဖွဲ့အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန်အား နေပြည်တော် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)



**နေပြည်တော် နိုဝင်ဘာ ၂၃**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၏ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစူရာယုဒ်၊ ချူလာနွန်ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးအဖြစ် ယနေ့နံနက်၁၀နာရီတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

## ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အတူ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စူရာယုဒ်၊ ချူလာနွန်တို့ နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစူရာယုဒ်၊ ချူလာနွန်တို့သည် ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာအစည်းအဝေးခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။



## တက်ရောက်

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ *စာမျက်နှာ ၈ ကော်လံ ၁* ●

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစူရာယုဒ်၊ ချူလာနွန်တို့ နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။**

(သတင်းစဉ်)